စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# မဟာဆွေ

# ချစ်သန့်စင်

အချစ်ဝတ္ထုရေးဆရာတို့၏အယူအဆနှင့်
တုံ့ပြန်ချက်အမှာစာပါဝင်သော
မဟာဆွေ၏အချစ်ဝတ္ထု
လက်ရာကောင်းတစ်ပုဒ်



mgyoe.com

မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



ရဟန်းတော်၊ သီလရှင်ကလွဲလျှင်
လူ့လောကတွင် အချစ်နှင့်ကင်းသောသူ ရှိကြသေးသလား၊
မည်သူမျှ အချစ်နှင့် မကင်း။ ထိုမကင်းသည့်
အချစ်နှင့် ပတ်သက်သော ဝတ္ထုဇာတ်လမ်းများ
ရေးသားမိသည့်အတွက် ဝတ္ထုရေးဆရာအား
ကြီးလေးသော တရားခံသဖွယ်
ရေးကြ၊ ပြောကြသည်ကိုကား
သည်းမခံနိုင်ပေ။

# မဟာဆွေ

## ချစ်သန့်စင်

mhs0003

2300.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အောင်ကျော်
၂၀၁၄၊ ဇွန်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ မြင့်မိုရ်စာအုပ်တိုက်၏ ၁၉၅၃ ထုတ်မှု၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

၈၉၁.၈၃

ချစ်သန့်စင်
မဟာဆွေ - ရေးကုန်း၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း။ ၂၀၁၄၊
စာမျက်နှာ ၁၉၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ချစ်သန့်စင်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ချစ်သန့်စင်

## မဟာဆွေ

မြန်မာ့ဆည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

"မိန်းမ ပေါ၏။ သို့ရာတွင် မယားရှား၏" ဟူသော စကားကဲ့သို့ မြန်မာပြည်တွင် ဝတ္ထုစစ် ဝတ္ထုကောင်း ရှားပြီးလျှင် ဝတ္ထုဟုအမည်တပ်ထားသော ပေါက်ကရစာစောင်တို့သည် အလွန်ပေါလျက်ရှိပေ၏။ မှိုကဲ့သို့ ပေါက်လျက်ရှိသော ၎င်းဝတ္ထု အားလုံးလိုလို စစ်ကြည့်လိုက်လျှင် ဇာတ်လိုက် ယောကျ်ား၊ ဇာတ်လိုက် မိန်းမတို့ တွေ့ကြ၏။ ကွဲကြ၏။ ပြန်ပေါင်းကြ၏ ဟူသော ဇာတ်လမ်းမှတစ်ပါး အခြားဇာတ်လမ်း တွေ့နိုင်မည် မဟုတ်ပေ။

အရပ်တစ်ရပ်တွင် ဆေးတစ်လက်တည်းကို ပုလင်းအမျိုးမျိုး၌ ထည့်၍ လူနာများကို ကုသလျက်ရှိသော ဆေးဆရာကဲ့သို့ မြန်မာပြည်ရှိ များစွာသော ဝတ္ထုရေးဆရာတို့သည် အထက် ဖော်ပြ ရာပါတစ်ခုတည်းသောဇာတ်လမ်းကို အမည်အမျိုးမျိုးပေး၊ ပတ်ဝန်းကျင်အမျိုးမျိုးထည့်ကာ ရေးသားလျက်ရှိချေသည်။ ၎င်းပြင် လူနာတို့သည် အရသာရှိသောဆေးကို သောက်ချင်၊ စားချင်ကြသည်ကို သိသော ဆေးဆရာသည် မိမိ၏ဆေးများကို အရသာ ရှိအောင် စီမံထားဘိသကဲ့သို့ လူတို့တွင် ရာဂစိတ်သည် အကြီးဆုံး၊ ဆွ၍အလွယ်ဆုံး၊ အဆွခံချင်ဆုံးဟူသောအကြောင်း တို့ကို သိပြီးဖြစ်သော စာရေးဆရာတို့မှာ နဂိုမပျက်ရုံ သဘောမျိုး ဖြင့်မဟုတ်ဘဲ ဖတ်သူတို့၏စိတ်ကို ထကြွစေရန်ဟူသော ရည်ရွယ်

mgyoe.com

mgyoe.com



ချက်တစ်ခုတည်းဖြင့်သာ ရာဂကို ဆွပေးသော အကြောင်းများကို ရက်ရက်ရောရော ထည့်သွင်းရေးသားခြင်းအားဖြင့် မိမိတို့၏ ဝတ္ထုများကို အရသာထူးအောင်လုပ်တတ်ကြလေသည်။ နှောင်သောအခါ နှောင်လာ နောက်သား ရာဇဝင် ဆရာများက ယခုခေတ်ရှိ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုကို ကာလပေါ်ဝတ္ထုများဖြင့် ဆုံးဖြတ်ချေသော် အသည်းနာစရာကောင်းပေမည်ဖြစ်ကြောင်း"

တစ်ကြိမ်သောအခါက မောင်နု ဗဟုသုတမဂ္ဂဇင်းက အထက်ပါစာပိုဒ်များဖြင့် ဝတ္ထုရေးဆရာတို့အား စော်ကားခဲ့ဖူး၏။ စာရေးသူထက်အသက် ခုနစ်နှစ်မျှငယ်၍ အရည်မပြည့်သော ချာတိတ်ဟု သဘောထားကာ ထိုစဉ်က သူ၏ရေးသားချက်များနှင့် ပတ်သက်ပြီး လျစ်လျူရှု၍ထားခဲ့သည်။

အကယ်၍ ၁၉၅၂ ခု၊ ဒီဇင်ဘာလထုတ် သွေးသောက်မဂ္ဂဇင်း၌လည်းကောင်း၊ ဂျိုးဖြူ ဖိုးစိန်ရွှေ၏ သိန်းဖေမြင့် ရေးသားသော လက်ရွေးစင်ဝတ္ထုများ၏ နိဒါန်း၌လည်းကောင်း ကိုနု၏ ယခင်နိဒါန်း၊ ယခုနိဒါန်းများ ထည့်သွင်းဖော်ပြခြင်းမရှိခဲ့ပါက ဤအကြောင်းကို ထပ်လောင်းရေးသားဖို့ရာ လိုတော့မည် မဟုတ်ပေ။

ကိုရွှေနုက "ဇာတ်လိုက်ယောကျ်ား၊ ဇာတ်လိုက်မိန်းမတို့ တွေ့ကြ၏။ ကွဲကြ၏။ ပြန်ပေါင်းကြ၏ ဟူသော ဇာတ်လမ်းမှတစ်ပါး အခြားဇာတ်လမ်း တွေ့နိုင်မည်မဟုတ်ပေ"ဟု ဆိုထား၏။ လူ့ပြည်လောက လူ့သဘာဝတွင် ထို့ထက်ထူးခြားသောဖြစ်စဉ်များ ရှိသေးသလား။ သည်ဟာကို မရေးလျှင် ဘယ်ဟာကို ရေးရမည်နည်း။

ကိုရွှေနုကိုယ်တိုင်က ယခု မျက်မှောက်ဘဝတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကြီးကြီးမားမားတာ ဝန်ကြီးချုပ် ဖြစ်နေ၏။ ချစ်ဇနီးမမြရီနှင့် ပျော်တပြုံးပြုံး မော်မဆုံးအောင် တွေ့နေကြသည်။ တစ်နေ့တွင် သေကွဲ၊ ရှင်ကွဲ တစ်နည်းနည်းဖြင့် ကွဲကြရမည်ကား မလွဲ။ ဤကဲ့သို့ ကိုရွှေနု၏ လူ့ဖြစ်စဉ်ကို ရေးသားလျှင် သဘာဝမကျဟု ဆိုမည်လော။

အကြင်ယောကျ်ား၊ တပ်သောအားဖြင့်၊ မယားသားဆု၊ ရမှု

mgyoe.com

mgyoe.com



တောင်းမူ၊ ထိုသသူကား၊ အတူတကွ၊ မနေရဘဲ၊ သေမင်းခွဲသော် ကြေကွဲပူလော၊ ဖြစ်စေသောဟု၊ သဘောပန္နက်၊ ကျိန်စာရွက်သည် မည်၏။

(ရှင်မဟာရဋ္ဌသာရ)

ဗုဒ္ဓဘာသာ စာပေကျမ်းဂန်အရ တစ်ကမ္ဘာလျှင် ၆၄ ကပ်ရှိ၏။ တစ်ကပ်၊ တစ်ကပ်၏ အချိန်တာရှည်ပမာဏကား ယူဇနာရှိသော ကျောက်တုံးကြီးတစ်တုံးကို လူတစ်ယောက်က ဝါဂွမ်းနှင့် တစ်နေ့တစ်ခါ တို့ရာမှ ပွန်းသွားပြီး ထိုကျောက်တုံးကြီး ပျောက်ပျက်သွားသော နှစ်ပေါင်းကို ဆိုသည်။ ထိုကဲ့သို့တစ်ကပ်၊ တစ်ကပ်အတွင်း၌ လူဖြစ်စဉ်များမှာယောကျ်ား၊ မိန်းမတို့ တွေ့ကြ၏။ ကွဲကြ၏။ ပြန်ပေါင်းကြ၏။ ဒါပဲ ဖြစ်ခဲ့ကြသည်။

မိန်းမ၊ ယောကျ်ား အထင်အရှား မဖြစ်ကြခင် ကမ္ဘာဦးက အာဘဿရ ဗြဟ္မာ့ဘုံမှ ဗြဟ္မာများ လူ့မြေ သက်ရောက်လာကြသည်ဆို၏။ အဝတ် အထည်မရှိ။ ပကတိ ရွှေစင်ရုပ် မိန်းမ၊ ယောကျ်ား ဟူ၍ အင်္ဂါဇာတ်မရှိ။ နေလ နတ္ထိ၊ သူတို့၏ ကိုယ်အရောင်ဖြင့် အလင်းရနေကြ၏။

ကမ္ဘာသစ်၏ မြေဆီ၊ မြေလွှာမှာ ဩဇာရနံ့ သင်းပျံ့လှသဖြင့် ဗြဟ္မာများ အနံ့ခံကြည့်၏။ လျှာနှင့် တို့မြည်း၏။ အရသာ ကောင်းမွန်လှ သဖြင့် စား၍ကြည့်ကြသည်။ ထိုကဲ့သို့ ရသာရုံစွဲမိသဖြင့် ကိုယ်ရောင် ကွယ်ကာ အမှောင်အတိဖြစ်နေရာ ကြောက်လန့်ခြင်း ကြီးစွာဖြစ်သဖြင့် အလင်းရောင်တောင့်တရာမှ နေမင်းပေါ်လာ၏။ သူတို့အား ရဲရင့်စေသဖြင့် နေမင်းအား "သူရိယ"ခေါ်သည်။

ယောကျ်ား၊ မိန်းမ ခွဲမရ။ အင်္ဂါဇာတ်မရှိသေးသောသူများ တစ်ဦး ကိုတစ်ဦး စိမ်းစိမ်းကြည့်ကြ၏။ ထိုအခါ၌ အတိတ်ဘဝက ကုသိုလ် အကျိုးပေးအတိုင်း ယောကျ်ားဖြစ်ခဲ့ဖူးသူက ယောကျ်ားဖြစ်၍ မိန်းမဖြစ်ခဲ့ဖူး သူက မိန်းမဖြစ်သွားကြကာ ကာမသံဝါသအမှု ပြုကြ တော့လေရာ ကျန်လူ ကောင်းများက "မိစ္ဆာ" ရွံစရာ သတ္တဝါတွေဟု ခဲနှင့်ထုကြ၊ ပစ်ကြမှ ချုံကွယ်ရာ၊ ဆိတ်ငြိမ်ရာတို့တွင် အိမ်အဆောက်အဦရှာ၍ နေခဲ့ကြကြောင်း ကျမ်းဂန်တွင် အဆိုရှိ၏။

mgyoe.com

mgyoe.com



ဘုရားဟော နိပါတ်ပေါင်း (၂၂)ခု၊ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ ဟူသော ဇာတ်ကြီးဆယ်ဘွဲ့ အပါအဝင် ၅၅၀ ဆိုစေကာ ၅၄၇ ဇာတ်တိတိ ဟောကြားတော်မူခဲ့ရာ၌ အချစ်နှင့်မကင်းသော ဝတ္ထုဇာတ်လမ်း ပေါင်း.မြောက်မြားစွာ ပါဝင်ခဲ့၏။ ဆဋ္ဌမ သင်္ဂါယနာတင်တော့မည်ဖြစ်သော ကိုရွှေနုသည် ဘုရားရှင်အား အပြစ်တင်ရဲမည်လော။

စာရေးသူက အချစ်ဇာတ်လမ်းတွေကို အများဆုံး ရေးသားခဲ့ဖူးသူ ဖြစ်သဖြင့် ကိုရွှေနု၏ ထင်မြင်ချက်များကို ဤကဲ့သို့ပင် ချေပရမည် ဖြစ်သည်။ ရဟန်းတော်၊ သီလရှင်ကလွဲလျှင် လူ့လောကတွင် အချစ်နှင့်ကင်းသောသူ ရှိကြသေးသလား၊ မည်သူမျှ အချစ်နှင့်မကင်း။ ထိုမကင်းသည့် အချစ်နှင့် ပတ်သက်သော ဝတ္ထုဇာတ်လမ်းများ ရေးသားမိသည့်အတွက် ဝတ္ထုရေးဆရာအား ကြီးလေးသော တရားခံသဖွယ် ရေးကြ၊ ပြောကြသည်ကိုကား သည်းမခံနိုင်ပေ။ ကိုရွှေနုဟု ရေးသည့်အတွက် ငေါ့လိုက်ခြင်း မဟုတ်။ အထွတ်အထိပ်ရောက်နေသူ တစ်ဦးအား အမွှမ်းတင်လိုက်ခြင်း ဖြစ်ပါ၏။ ဥပမာ –"ရွှေမန်း၊ ရွှေကုန်၊ ရွှေမျက်နှာ" စသည်တို့ကဲ့သို့တည်း။

သို့ရာတွင် စာရေးသူ ရေးခဲ့သမျှ လုံးချင်းဝတ္ထု အပုဒ်ပေါင်း ၆၀ကျော် အနက် အချစ်နှင့်အများဆုံး ပတ်သက်သော်လည်း အချစ်ကို အဓိကမထား၊ အချစ်ကို သကြားသဖွယ် သဘောထားကာ ကိုယ်ပေးချင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး စသော ဆေးများ ထည့်သွင်းခဲ့သည်ကို မဟာဆွေ၏စာကြည့်ပရိသတ်များ ရိပ်စားမိမည်ဟု ယုံကြည်ပါ၏။

ဥပမာ – ဒို့မေမေ အချစ်မှာ ကပြားယောင်ဆောင်ပြီး မိန်းမပျိုတစ်ဦး အား ချစ်တင်းကြဲသော အခန်းများ ပါစေကာ ဇာတ်လမ်း၏ လိုရင်းကား ပြင်သစ်နှင့် အင်္ဂလိပ်တို့က မြန်မာပြည်အား သူဦး ငါဦး အတင်းသိမ်းပိုက် ရန် ကြံစည်ကြပုံ၊ အင်္ဂလိပ်ကလက်ဦး၍ မြန်မာပြည်ကြီး အတိဒုက္ခရောက်ရပုံ သရုပ်ဖော်ခဲ့ခြင်းဖြစ်သည်။

သူပုန်ကြီး အချစ်နှင့်မကင်းပေ။ သို့ရာတွင် အင်္ဂလိပ်ကို တော်လှန် ရန်အတွက် ပေါ်တူဂီ ဖိလစ်ဒီဗရစ်တို (ခေါ်) ငဇင်ကာအား တော်လှန်ပုံ၊ စီးပွားရေး နယ်ချဲ့ကုလားများအား ဘယ်ပုံ ဘယ်နည်း ဆော်ရမည် ဆိုသည့်

mgyoe.com

mgyoe.com

အချက်များပါ သရုပ်ဖော်ခဲ့သည်။

လူတွေဟာ ကာမရာဂစိတ်နှင့် မကင်းကြ၍ ရာဂလှုံ့ဆော်ပေးကြသည်ဟု ဆိုရာ၌ သာမန်ကြည့်လျှင် မှန်သယောင်ယောင် ရှိသော်လည်း နက်နက်နဲနဲ တွေးကြည့်က လွယ်ကူသောအလုပ် မဟုတ်ပေ။ အချစ်ခန်း၊ ခြင်ထောင်ခန်း၌ အတုံးလိုက် အတစ်လိုက် ရေးသားတိုင်း လူတို့၏ရာဂကို တက်ကြွစေခြင်း မဖြစ်ပေ။

အလွန် သဘာဝကျကျ ရေးသားဖော်ပြနိုင်မှ ကကြီး ခခွေးစာလုံးကလေးတွေက ဖတ်သူ၏စိတ်ကို ထိုးဆွပေးနိုင်ရာ ထိုအရေးမျိုးကား စာရေးဆရာထဲတွင် အလွန်ရှားလှသည်။ လွယ်ကူသောအလုပ်မဟုတ်ပေ။ ဝါရင့်သော စာရေးဆရာများ၏ အနုပညာဆိုသည်မှာ ထိုချစ်ခန်း၊ ကြိုက်ခန်း၊ ခြင်ထောင်ခန်း ပိုင်နိုင်ယဉ်ကျေးစွာ ရေးသားနိုင်ခြင်းကိုဆိုသည်။

စာရေးသူမှာ ကလောင်ဝါပင် ၃၅ နှစ် ရှိခဲ့ပြီဖြစ်သော်လည်း အရေးအသား ပိုင်နိုင်ခြင်း မရှိသေးပါ။ ဥပမာတစ်ခု ပြရလျှင် မွန်းသော်တာ အမည်နှင့် နတ်ရွာစံဝတ္ထု ရေးသားရာ၌ ခပ်ကြမ်းကြမ်း သရုပ်ဖော်ရသဖြင့် ဇာတ်လိုက်နှင့် ဇိမ်မယ် အခန်းတစ်ခန်းတည်းသွင်း၊ ဇိမ်မယ်က အင်္ကျီဗလာ ကျင်း၊ ခါးက ဗန်ကောက်ချွတ်၊ ပိတ်လုံကွင်း တစ်ထပ်တည်းနှင့် အသင့်ပါဟု ရေးခဲ့၏။

"မယ်တို့ပြည် မောင်တို့ပြည်" ဝတ္ထုတွင် အလားတူ ဇာတ်လိုက်နှင့် ဇိမ်မယ်တွေ့ခန်း ရေးသားရာ၌မူ နတ်ရွာစံကဲ့သို့ တစ်ခါတည်း ကြမ်း၍ မဖြစ်၊ နိုင်ငံရေးနောက်ကြောင်းခံထားသဖြင့် ဇာတ်လိုက်နှင့်ဇိမ်မယ်တစ်ခန်းတည်း ဘယ်ပုံဘယ်နည်း တွေ့သင့်သည်ကို ညသန်းခေါင် ၁၂ နာရီမှ နံနက် ၅ နာရီအထိ စဉ်းစား၍ ရေးရသည်။

ဆိုလိုသည့်အဓိပ္ပာယ်လည်း ပေါ်၏။ အသုံးအနှုန်းလည်း ယဉ်ယဉ်ကျေးကျေး ဖြစ်သွားသည်။ ထိုကြဲစည်ချက်ကား နှောင်းဝတ္ထုများတွင်ပင် သမီးရည်းစား၊ လင်မယား တွေ့ခန်းများ၌ စားမကုန်အောင် အသုံးချ၍ ရပေတော့သည်။ ထို့ကြောင့် ချစ်ခန်း၊ ကြိုက်ခန်း၊ တွေ့ဆုံ၊ ကြုံတွေ့၊ ကွဲ၊ ပေါင်း စသည်တို့ကို ရေးသားရာ၌ သာမည ဦးခေါင်းဉာဏ်ရှိသူတို့ ပိုင်ပိုင်

mgyoe.com

mgyoe.com

နိုင်နိုင် ချောင်အောင် ရေးသားနိုင်သော အလုပ်မျိုး မဟုတ်ပေ။

မဟာဆွေကား ငယ်စဉ်ကတည်းက ထူးချွန်သောဉာဏ် ရှိခဲ့သည်။ ဖွဲ၊ ဝီရိယရှိသည်။ အသက် ၃၀ လောက်မှ ၄၅ နှစ်အထိ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့၏။ ၄၅ နှစ်က ကျော်လာသောအခါ တစ်စ တစ်စ ကိုယ့်ကိုယ်ကို အထင်သေးလာသည်။ အသက် ၅၀ကျော်၍လာသောအခါ ကမ္ဘာ့ဗဟုသုတတွင် ငါဘာမျှ မည်မည်ရရ နားမလည်သေးပါလားဟုသိလာ၏။ ဗဟုသုတရှာဖို့၊ ဆရာများထံဆည်းကပ်ဖို့ အများကြီးလိုကြောင်း နှလုံးပိုက်မိသည်။

မိမိ၏ ဆောင်းပါး၊ ဝတ္ထုများ အသားလွတ် ရေးသားအပြစ်တင်ခြင်း မဟုတ်ဘဲ ကောင်းသည်ထက် ကောင်းအောင် ပြင်ဆင်ညွှန်ပြမည့်သူရှိက လိုက်နာရန် အသင့်ပင်ဖြစ်သည်။ သို့ရာတွင် မင်းဘူးဆရာတော် ဦးသြဘာသ အရှင်မြတ်၏ ဝေဿန္တရာဇာတ် နိဂုံးတွင် ရေးသားဖော်ပြ တော်မူခဲ့ဖူးသော ရတုသဘောမျိုးသာ လိုက်နာလို၏။ မင်းဘူးဆရာတော်က –

> ဤစာအလို၊ ကျွန်ုပ် ဆိုအံ့၊ အသို အထား၊ စကားဝါကျ၊ ဒေါသခြောက်စု၊ ရှုစ်ခုအပြစ်၊ မြင်သည်ဖြစ်မူ၊ ကျစ်လျစ်စေကြောင်း၊ သာ၍ကောင်းအောင်၊ လောင်းနှုတ်စီရင်၊ ဆင်ခြင်မိမိ၊ ရှေ့နောက် ညှိလျက်၊ ကျိုးရှိစိမ့်ငှာ၊ ပြင်လိုက်ပါလော့၊ နည်းနာစုံစေ့၊ မလောက်လွေ့၍၊ ရှေ့နောက်မမိ၊ ယုံမှားရှိမူ၊ တတ်သိယောင်သွင်၊ မပြင်ပါရန်၊ တောင်းပန်ပါ၏။

ဟူ၍ မှာကြားတော်မူခဲ့ရာ ဝေဿန္တရာ ဇာတ်တော်ကြီးကို မြန်မာစကားပြေ ရေးသားရာ၌ သူမတူအောင် ချောမောပြေပြစ်လှပါသဖြင့် မပြင်ဆင်ကြရုံသာမက လယ်တီဆရာတော်ဘုရားကြီးနှင့်တကွ အခြား ဆရာတော်ကြီးအချို့ပင် လိုက်နာရေးသားကြသည်ကို ဖတ်ရှုရဖူးသည်။

ယခု ရေးသားမည့် "ချစ်သန့်စင်" ဝတ္ထု၌လည်း အချစ်ကို အသားပေး၍ ရေးသားမည်ဖြစ်သော်လည်း ထိုအထဲ ဘာတွေ ထည့်သွင်းထားသည်ကို စာဖတ်ပရိသတ်များ စဉ်းစားဖတ်ရှုက တွေ့ရပေမည်။ ယခုတလော အမေရိကန်ပြည်တွင် စာနယ်ဇင်းဝတ္ထုတို့မှာ ၃၀ ရာခိုင်နှုန်းမျှ

mgyoe.com

mgyoe.com



လောက် ညစ်ညမ်း ကြမ်းတမ်းနေကြသဖြင့် တားဆီး၍ပေးပါရန် ဝိုင်းဝန်း ပြောဆိုနေကြောင်း သတင်းစာများတွင် ဖတ်ရှုရ၏။

ထို အမေရိကန်သတင်းနှင့်ပတ်သက်၍ ရောယောင်ကာ အချို့ သတင်းစာများက မြန်မာပြည်အတွက် ရေးစပြုလာကြသည်ကို တွေ့ရ၏။ မကြာခဏ အခါအခွင့်သင့်တိုင်း ဖော်ပြခဲ့သော အော့(ဘ်)ဆင်းခေါ် ညစ်ညမ်းသည် ဟူသော အဓိပ္ပာယ်အတိအကျကို ကမ္ဘာက ဆုံးဖြတ်မရသေး ကြောင်း သတိချပ်ကြပါရန်။

မဟာဆွေ

(၂၀-၁၀-၅၃)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

"ဟာ ... ခွေးထီးကလေး လှလိုက်တာ"

"ခင်ဗျားက ဘာ့ကြောင့် ခွေးထီးလို့ အတပ်ပြောလိုက်ရတာလဲ"

"ရှင်နော်၊ ဟင်း ... ကျွန်မ မတော်တရော် ပြောပစ်လိုက်မယ်"

"အဲဒီ မတော်တရော် ပြောတာကို ကျုပ်က နားထောင်နေချင်တာပဲ"

အသက်၂၄ နှစ်ခန့် အသားလတ်လတ် မိန်းမပျိုတစ်ယောက်နှင့် အသားလတ်လတ် မွန်မွန်ရည်ရည် အသက်၂၅ နှစ်ခန့် ခေါင်းကြီးကြီးနှင့် လူရွယ်တစ်ယောက်တို့ စကားအချီအချ ပြောဆိုနေကြခြင်းဖြစ်၏။ နေရာကား ပန်းဆိုးတန်းနှင့် ဒါလ်ဟိုဇီလမ်းထောင့်ရှိ စားသောက်ဖွယ် ခမ်းနားသော ဆိုင်ကြီးတစ်ဆိုင်တွင် ဖြစ်၏။ သူတို့၏စားပွဲတွင် သူတို့နှစ်ယောက်သာမက အသက် ၂၇ နှစ်ခန့် အရပ်မြင့်မြင့် ယောကျာ်းတစ်ယောက်၊ အသားဝါဝင်းသော အသက် ၂၂ နှစ်ခန့် မိန်းမချောတစ်ယောက်၊ အသားဖြူဖြူ မိန်းမပျိုတစ်ယောက် ပေါင်း ငါးယောက်ဖြစ်ရာ ကျန်သုံးယောက်က အချီအချ ပြောနေကြသော လုလင်နှင့် လုံမပျိုတို့အား ကြည့်ရှုကာ ပြုံး၍ နေကြသည်။

ပထမ စတင်ပြောဆိုသူမှာ အတွင်းဝန်ရုံး တစ်ရုံးတွင် အထက်တန်းစာရေးမ ခင်လှမြင့် ဆိုသူဖြစ်၍ အပြိုင်စကားပြောသူမှာ မောင်မောင်ထူး ဆိုသူ ဖြစ်၏။ သူကတော့ ရုံးတွင် အလုပ်လုပ်သူမဟုတ်၊ ရုံးဝန်ထောက်တစ်ယောက်နှင့် ခင်မင်သဖြင့် ရုံးနေ့လယ်အားလပ်ချိန် လာရောက်တွေ့ဆုံကြကာ ဝိုင်းဖွဲ့စားသောက်နေကြခြင်းဖြစ်၏။

mgyoe.com

mgyoe.com

ခင်လှမြင့်နှင့် မောင်မောင်ထူးအပြင် ရုံးဝန်ထောက် ကိုစန်းတင်၊ အောက်တန်းစာရေးမ မိန်းမချော မစိန်သန်း၊ အခြား အောက်တန်းစာရေးမ မူမူနွဲ့တို့ ဖြစ်ကြ၏။ ခင်လှမြင့်က မူမူနွဲ့ဆီမှ အင်္ဂလိပ် ရုပ်စုံဂျာနယ်တစ်စောင်ကို ဆွဲယူကာ တောင်လှန် မြောက်လှန် ကြည့်ရှုနေရာမှ နားရွက်ဖား၊ အမြီးဖွားနှင့် ခွေးထီးတစ်ကောင်၏ပုံကို မြင်ရသဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

ခွေးထီး၊ ခွေးမ ခွဲခြားရာ၌ အမှတ်သညာရှိသည်။ သည်ဟာကို လူတိုင်းနားလည်ကြ၏။ မောင်မောင်ထူးက မိန်းမပျိုတစ်ဦးကိုယ်တိုင် ဘာ့ကြောင့် အထီးဟု ပြောပြရန်ခက်သော မေးခွန်းကို မေးလိုက်သဖြင့် ခင်လှမြင့် ဒေါပွသွားခြင်း ဖြစ်၏။

"ကဲလေ ... မတော်တရော် ပြောမယ်ဆို ..."

မျက်နက်အိမ်ထောင့်တွင် ကပ်ကာကြည့်နေသော ခင်လှမြင့်အား မောင်မောင်ထူးက စကားဆင့်လိုက်ပြန်ရာ ခင်လှမြင့်က–

"တော်တော့ ကိုမောင်မောင်၊ ပြောလိုက်ရ မကောင်းတော့ဘူး"

"အဲဒီ မကောင်းတဲ့ဟာကလေးလည်း ကြားချင်ပါသေးတယ်"

"ရှုံကြီးခိုးပါရဲ့ ကိုမောင်မောင်ရှင့်"

"အပြောတွင်မလုပ်နဲ့...အဟုတ်ခိုးလေ၊ ကျုပ်က မြင့်ကို ဗဟုသုတ ရှိလား၊ မရှိလား သိရအောင် မေးကြည့်တဲ့ဟာပဲ"

"အို ... တော်စမ်းပါ"

ထိုအတွင်း မှာထားသော စားစရာများ ရောက်ရှိလာသဖြင့် စကားပြတ်သွားကာ စတင်စားသောက်နေကြသည်။ ခင်လှမြင့်ကတော့ မောင်မောင်ထူးအား မျက်စောင်းတခဲခဲနှင့် မကြာခဏ ကြည့်နေ၏။ သို့ရာတွင် မျက်မုန်းကျိုး၍ ကြည့်သော အကြည့်မျိုးမဟုတ်၊ ချစ်စနိုးသော အမူအရာနှင့် ကြည့်ရှုခြင်း ဖြစ်သည်။

မောင်မောင်ထူး၏မိဘများမှာ သူဌေးကလေးတမျှ ချမ်းသာ ကြွယ်ဝ၍ ပန်းဆိုးတန်းတွင် ကုန်တိုက်ကြီးတစ်တိုက် ဖွင့်ထား၏။ ခေတ် မိန်းမပျိုများအကြိုက် နိုင်လွန်၊ ရှံသား၊ စပန့်၊ ပိုးတွန့် စသော အထည် အမျိုးမျိုး

mgyoe.com

mgyee.com

များအပြင် အလှကုန်အမျိုးစုံလည်းရှိသည်။ မောင်မောင်ထူး ကိုယ်တိုင်က လည်း ရန်ကုန်တက္ကသိုလ်မှ ဘီကွမ်းခေါ် ဝါဏိဇ္ဇ ဝိဇ္ဇာဘွဲ့ရသူဖြစ်သဖြင့် ခင်လှမြင့် အခြေအနေနှင့် ကွာချင်တိုင်း ကွာ၍နေသောကြောင့် ဖြစ်၏။

မှာယူစားသောက်ကြရာ၌ တစ်ဦးနှင့်တစ်ဦး မတူကြ။ လက်ဖက် ရည်၊ ကော်ဖီ၊ ပေါင်မုန့်ထောပတ်သုတ်၊ စမူဆာ ကိုယ်ကြိုက်ရာ မှာကြ သည်။ မောင်မောင်ထူးမှာကား မိုင်လိုနှင့် ဆင်းဒဝစ်(ချ်) ခြောက်ခု၊ ဆိတ် သားမုန့် ခြောက်ခု၊ မိုင်လိုနှင့် ထိုမုန့်များကို ဆိတ်ဝါးသလို တစ်ခဏချင်း ကုန်အောင် စားပစ်လိုက်သော်လည်း မည်သူမျှ မအံ့သြကြပေ။ ထိုသို့ မအံ့သြကြသည်မှာ ဤအကြိမ်သည် ပထမအကြိမ် မဟုတ်သောကြောင့် ဖြစ်သည်။

ဦးခေါင်းက ခပ်ကြီးကြီး၊ ပွဲနေပွဲထိုင်သွားရန်အတွက် လူကြီး လူကောင်းစတိုင်သွားလိုသဖြင့် ဗိုလ်ချုပ်ဈေး အသင့်ခေါင်းပေါင်းဆိုင်ရှိရာ မောင့်ကျက်သရေတိုက်သို့သွား၍ ရွေးချယ်ရာ အကြီးဆုံး အရွယ်ပင် သူ့ခေါင်းနှင့်ကျပ်နေသဖြင့် ဆိုင်ရောင်းစာရေးထံ အော်ဒါပေးရ၏။ စာရေးက အတိုင်းအထွာယူသောအခါ ရှစ်လက်မခွဲ ရှိနေ၍ ခေါင်းကြီးအမည်ခံ ဝန်ကြီး ဦးထွန်းဖေတောင် ခင်ဗျားရဲ့ခေါင်းလောက် မကြီးဘူးဟု ပြောရ၏။

ထိုတွင်မျှမက သူ့မိဘက မောင်မောင်ထူးဟု နာမည် ကင်ပွန်းတပ် လောက်အောင် ငယ်စဉ်ကပင် ဝတုတ်ဖြိုးဖြစ်၍ နို့ထွက်သန်သော မိခင် နို့ဖြင့် အားမရသည်က များသဖြင့် နို့ဘူးနှင့် တိုက်ရသေးသည်။ မျက်ခုံး မွေးထူထူ၊ မျက်လုံးပြူးပြူး လူချောတစ်ယောက် မဟုတ်သော်လည်း နှုတ် ခမ်းနှင့် ဖြူဖွေးညီညာသော သွားများ၊ ပြုံးချို၍ ပြောတတ်သော စကားကြောင့် လူချစ်လူခင် ပေါခဲ့သည်။

"ခွေးကလေး လှလိုက်တာဆိုရင် ကျုပ်က ဘာမှ မေးစရာမရှိဘူး၊ ခုတော့ (ထိး)ဆိုတဲ့ စကားပါလို့ မေးမိတာပါ"

"တော်ပါတော့ ကိုမောင်မောင် ရှင့်"

"နောင် စကားပြောရင် သတိထားပြီး ပြောပေါ့။ မစိန်သန်းကတော့ နာမည်ကလည်း ရိုးတယ်၊ လူကလည်း ရိုးတယ်"

mgyee.com

မောင်မောင်ထူးသည် မစိန်သန်းအား ကြည့်ကာ ပြောလိုက်ပြန်သည်။ ခင်လှမြင့်နှင့် ကျန်တစ်ယောက်၏ အမည်မှာ မူမူနွဲ့ဖြစ်၏။ နှစ်ယောက်စလုံးက ခေတ်ဆန်၍ ဆံပင်အကောက်၊ နိုင်လွန်အင်္ကျီ၊ နှုတ်ခမ်းနီနှင့် ဖြစ်နေကြရာ မောင်မောင်ထူးအား မကျေနပ်သလို မျက်စောင်းထိုး၍ ကြည့်နေကြပြန်သည်။

လေးထောင့်စားပွဲကြီးတွင် ရုံးဝန်ထောက်ကိုစန်းတင်နှင့် မောင်မောင်ထူးက တစ်ဖက်၊ မိန်းမပျိုသုံးယောက်က တစ်ဖက် ထိုင်နေကြရာ မူမူနွဲ့နှင့် မောင်မောင်ထူးမှာ မျက်နှာချင်းဆိုင် ဖြစ်နေကြ၏။ မူမူနွဲ့က စကားတစ်ခွန်းမျှ ဝင်ရောက်မပြောဆိုဘဲ ပေါင်မုန့်ထောပတ်သုတ်စားလိုက်၊ ကော်ဖီသောက်လိုက်၊ စကားပြောကြသည်ကို ငေး၍ နားထောင်လိုက်ဖြစ်နေရာ ကော်ဖီပန်းကန်မှာ သုံးပုံတစ်ပုံမျှ ကျန်တော့၏။ အခြား လူများ စားသောက်ပြီးကြပြီဖြစ်၍ မူမူနွဲ့သည် ကျန်သေးသောကော်ဖီကို တစ်ခါတည်း မော့သောက်ချစဉ် မောင်မောင်ထူးက–

"အို ... အို ... နေ နေ ... မ မသောက်လိုက်နဲ့"

စကားထစ်အသလို ပြောရာက "မသောက်လိုက်နဲ့"ဟူသောစကားဆုံးသောအခါ မူမူနွဲ့မှာ အကုန်သောက်ပြီး ဖြစ်နေသည်။

"ဘာပြုလို့ မသောက်နဲ့ ပြောတာလဲ"

"မူမူ ငေးနေတုန်း ယင်ကောင်နှစ်ကောင် ကော်ဖီထဲကျသွားလို့ ခင်ဗျားရဲ့..."

မူမူနွဲ့သည် သူ့ကော်ဖီပန်းကန်ကို ကိုင်၍ ကြည့်ပြန်၏။ ယင်ကောင်နှစ်ကောင် ကပ်ကျန်နေသလားဟု ကြည့်လိုက်ရာ ကော်ဖီမည်းမည်းအကပ်အသတ်မှတစ်ပါး ဘာမျှမကျန်တော့သဖြင့် ကုလားထိုင်ဘေးသို့ လှည့်လိုက်ကာ ဝေါ့ခနဲ ထိုး၍ အန်ရှာတော့၏။

ကိုစန်းတင်က ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ မောင်မောင်ထူးက ကိုစန်းတင်အား မျက်စိတစ်ဖက်မှိတ်၍ ပြလိုက်၏။ မူမူနွဲ့ကား အန်၍ မပြီးသေး။ ကိုစန်းတင်က–

"ဟဲ့ ... မူမူ ဘာမှမဟုတ်ဘူး။ ဒီကောင့်အကျင့် နင်မသိလို့ အဟုတ်

mgyoe.com

ထင်နေတာ၊ အစ်ကိုကြီးလည်း မြင်သားပဲ”

“ယင်ကောင် နှစ်ကောင်လား”

“ဘာကောင်မှ နင့်ပန်းကန်ထဲ မကျတာ။ ဒီကောင်က ဒီလို နောက်နေကျ၊ သူနောက်လို့ လူပေါင်း ဘယ်လောက်မိဖူးသွားပြီ မှတ်သလဲ”

ထိုအခါကျမှ မူမူနှဲ့မှာ သက်သာရာ ရရှိကာ မောင်မောင်ထူးအား ကြည့်ပြီး–

“သိပ်နောက်တဲ့ လူကြီး”

“အဲဒီလို သံသယ ရှင်းပေးတဲ့လူလည်း ရှိဦးမှပေါ့”

“အံမာ ... မင်းကလား၊ မူမူ သက်သာအောင် ငါက ညာနေတယ် လုပ်ဦးမလို့...”

“ကျွန်မလည်း အနားက ရှိသားပဲ၊ ယင်ကောင်ကျရင် မြင်မှာပေါ့”

ခင်လှမြင့်က ဝင်၍ ထောက်ပြန်သည်။ ထိုအခါ ကိုစန်းတင်က–

“ဒီကောင်ဟာ ငယ်ငယ်ကတည်းက အချားနိမ်းတဲ့ အကောင်၊ ရွတ်နောက်ဖို့ပဲ စိတ်ကူးနေတာ။ တစ်ခါက သူငယ်ချင်းတစ်ယောက် သူတို့တိုက် အလည်လာပြီး ပက်လက်ကုလားထိုင်မယ် ထိုင်လိုက်တော့ ရှေ့ကတုတ်ကို ဖြုတ်ထားလို့ သူခမျာ ကုလားထိုင်ထဲကျွံကျသွားရှာတာပေါ့။ သူက ကပျာကယာလာပြီး တုတ်ကို ပြန်တပ်ပေးတယ်။ ဒီတော့ ဟိုက အဟုတ်မှတ်ပြီး ထိုင်ပြန်တာပေါ့။ ဒီတစ်ခါကျမှ ပက်လက်လန် ကျသွားလိုက်တာ ကြမ်းပြင်နဲ့နောက်စေ့ ဆောင့်မိသွားရှာတယ်။ သူက ရှေ့တုတ် တပ်ပေးပြီး အမှတ်တမဲ့ နောက်ကတုတ်ကို ဖြုတ်လိုက်တာကိုး”

“တကယ်နောက်တဲ့ ကိုမောင်မောင်ပဲ”

ကိုစန်းတင်က မောင်မောင်ထူး၏ ရွတ်နောက်ပုံကို အမျှင်တစ်တန်းကြီး ပြောအပြီး ခင်လှမြင့်က ထောက်လိုက်ခြင်း ဖြစ်၏။ မစိန်သန်းကတော့ ဣန္ဒြေမပျက် ပြုံးနေသည်။ မူမူနှဲ့ကလည်း ပြုံးလျက် မောင်မောင်ထူး၏ ဖိုထိုး၏သို့ အခိုးတလူလူနှင့် ရှူးဖွာရင်း ကိုစန်းတင်အား ပြုံးကြည့်နေ၏။ မောင်မောင်ထူးက စီးကရက်တစ်လိပ်မီးညှိကာ ကိုစန်းတင်ကပင် –

mgyoe.com

"ခုလို စားပွဲ၊ ကုလားထိုင်ဆိုရင် သူ့အကြောင်းသိသူက သူအနား မှာရှိရင် ကုလားထိုင် ဖင်ချမယ့်နေရာကို လက်နဲ့မိအောင်စမ်းပြီးမှ ထိုင်ဝံ့ ကြတာ။ ကုလားထိုင် ထိုင်လို့ အသင့်ရှိပကောလို့ အမှတ်တမဲ့ မထိုင်လိုက် လေနဲ့၊ သူက ကုလားထိုင်ကို နောက်ဆွဲဖယ်ထားလိုက်တော့ သေချာ ပေါက်ထိုင်တဲ့လူတစ်ယောက် မြင်မကောင်းအောင် တစ်တီတူးထောင် လဲကျကြရရှာတာပေါ့"

မူမူနွဲ့မှာ အသံကလေးများထွက်အောင် ရယ်မိရှာ၏။ ကိုစန်းတင်က အရပ်မြင့်သည်ဟုဆိုရာ၌ လူက အနည်းငယ်ပိန်သဖြင့် ထင်ရခြင်းဖြစ်ပေ ၏။ ၅ ပေ ၆ လက်မခန့်သာ မြင့်သည်။ မောင်မောင်ထူးနှင့် ယှဉ်၍ ထိုင်သောအခါ ဦးထိပ်ချင်းညီလျက် မောင်မောင်ထူး၏ ရင်က ၄၂ လက်မ ခန့်၊ ကိုစန်းတင်က ၃၄ လက်မခန့်ရှိသဖြင့် မောင်မောင်ထူး၏ ဆူဖြိုးသော လက်မောင်း၊ ကိုစန်းတင်၏ သေးငယ်သော လက်မောင်းများကြောင့် ဆင် နှင့်ကျွဲလောက် ကွာခြားနေသည်။

"ဘွိုင် ... ဘွိုင် ..."

မောင်မောင်ထူးက လှမ်းခေါ်လိုက်ရင် ဘွိုင်ကုလားက ပန်းကန် ပြားငယ်တစ်ချပ်နှင့် ဘီလ် အသင့်ယူလာ၏။ မောင်မောင်ထူးက ဘီလ်ကို ကြည့်ပြီးလျှင် တစ်ဆယ်တန်တစ်ချပ် ထုတ်ပေးလိုက်သည်။ ကုလားက ခဏချင်းပင် ကျပ်တန်နှစ်ချပ်နှင့် မတ်စေ့တစ်စေ့၊ ပန်းကန်ပြားငယ်နှင့် လာပေးရာ ကျပ်တန်နှစ်ချပ်သာ ယူလိုက်သဖြင့် ဘွိုင်ကုလားက ဆလံပေး၍ ထွက်ခွာသွား၏။

မောင်မောင်ထူးကား နေ့တိုင်း လာလေ့ရှိသူမဟုတ်၊ တစ်ပတ်လျှင် နှစ်ကြိမ်ကျသာ လာ၊ရောက်တွေ့ဆုံကြကာ နေ့လယ်စာ စားခြင်း ဖြစ်၏။ ကိုစန်းတင်က တစ်ပတ်လျှင် တနင်္လာမှ သောကြာနေ့အထိ ငါးကြိမ် နေ့လယ်စာ အဆာပြေ လက်ဖက်ရည်၊ ကော်ဖီ ကြိုက်ရာ သောက်လေ့ ရှိသည်။ သူတို့ချည်းဆိုလျှင် ပျမ်းမျှ ငါးမူးဖိုးလောက်သာ စားသောက်ကြ သည်။ တစ်ခါတစ်ရံမဟုတ် အမြဲဖြစ်သဖြင့် တစ်ဦးတစ်ယောက်တည်းက ဒါယကာမခံနိုင်ကြ။ မစိန်သန်းနှင့် မူမူနွဲ့က တစ်ဆစီ၊ ခင်လှမြင့်က နှစ်ဆ၊

mgyoe.com

mgyoe.com

ကိုစန်းတင်က သုံးဆ၊ ဤကဲ့သို့ ဝေပုံကျ ထည့်ကြရသည်။

တစ်နေ့ နှစ်ကျပ်ကျနှင့် ငါးရက် တစ်ဆယ်ကျပ်ကုန်ရာ သုံးပတ်နှင့် နှစ်ရက်ခွဲအတွက် ငွေ ၃၅ ကျပ်ကို အဆိုပါအချိုးအတိုင်း မစိန်သန်းနှင့် မူမူနွဲ့က ငါးကျပ်စီ၊ ခင်လှမြင့်က တစ်ဆယ်ကျပ်၊ ကိုစန်းတင်က ၁၅ကျပ် ထည့်ဝင်ကာ စားသောက်ခဲ့ကြ၏။ မောင်မောင်ထူးက နှစ်ရက် ဒါယကာခံသောအခါ တစ်ပတ်လျှင် သုံးရက်တွက်သာကုန်ကျသဖြင့် သူတို့၏ ထည့်ငွေများမှာ သုံးပတ်ခွဲနှင့် တစ်ရက်ခွဲဖြစ်စေကာ ၂၁ ကျပ်ထိ လျော့လာ၏။ သုံးကျပ်၊ သုံးကျပ်၊ ခြောက်ကျပ်၊ ကိုးကျပ် အစဉ်အတိုင်း ထည့်ကြရ၏။ မောင်မောင်ထူးပါသောနေ့ကား ဖောဖောသီသီ အတိုင်းအဆမရှိ စားသောက်ကြရ၏။

ကိုစန်းတင်ကား ဇယားစေ့သူဖြစ်၏။ ရုံးဝန်ထောက်ဆိုသော်လည်း နှုန်းသစ်နှင့် လခ၊ ရှားပါးစရိတ်ပါ ၃၀၀ ကျပ် ကျော်ကလေးမျှရ၏။ သားတစ်ယောက်၊ သမီးတစ်ယောက် ဖခင်ဖြစ်၍ ဇနီးလိမ္မာသဖြင့်သာ ချွေချွေတာတာနှင့်လောက်ငသူဖြစ်သည်။ အောက်တန်းစာရေးမှာ ရှားပါးစရိတ်နှင့်မှ လခ ၁၂၀ ကျပ်ကျော် အထက်တန်းစာရေးမှ ရှားပါးစရိတ်နှင့် ၂၀၀ ကျပ်နီးပါးမျှဖြစ်ရာ အိမ်ထောင်သည်ဖြစ်က လောက်ငဖို့ရာ အတော်ခဲယဉ်းလှပေသည်။

မောင်မောင်ထူးက ဤအကြောင်းကိုသိသဖြင့် အစ်ကိုလိုခင်သော ကိုစန်းတင်အား ငွေကြေးပေးကမ်း ထောက်ပံ့ခဲ့သည်။ ကိုစန်းတင်နှင့်ပတ်သက်ပြီးလျှင် မိန်းမပျိုသုံးယောက်နှင့် သိကျွမ်းရခြင်းလည်း ဖြစ်၏။ သူက ခေတ်ဆန်သော ခင်လှမြင့်နှင့် မူမူနွဲ့တို့အား သူ ကစားစရာ အရုပ်ကလေးတွေဟု မှတ်ထင်နေ၏။ သူ့အား အရေးပေးကြခြင်းမှာလည်း သန့်စင်သော ချစ်မေတ္တာနှင့် မဟုတ်ဘဲ မိဘပစ္စည်းနှင့် သူ့နောက်ပြီးက ဘီကွမ်းခေါ် ဂုဏ်ထူးဘွဲ့ထူးကြောင့်ဟု တွက်ဆထား၏။

မစိန်သန်းကိုတော့ သူက မနောက်ပြောင်ချေ။ ခပ်တည်တည်ပင် ပေါင်းသင်း၏။ ခေတ်ဆန်သူတွေအကြားထဲ ရိုးရိုးသားသားနေသူကို သူက သဘောကျနေသည်။ အနီနှင့်အဖြူ မန်ကျည်းစေ့ကွက် ချည်ချော လုံချည်၊

mgyoe.com

ရှမ်းပင်နီအင်္ကျီ ကနုကမာ ကြယ်သီးတပ်၊ ဆံပင်နောက်တွဲထုံး၊ ရတီဝက်ခန့် စိန်နားပွင့်ကလေးနှင့် ဝါဝင်းနေသော အသားအရည်က မစိန်သန်း ဆင်သမျှ ကြည့်၍ကောင်းသည်ဟု ထင်၍နေပေသည်။

"ဟော့ … မောင်လွန်း၊ ခပ်မြန်မြန်မောင်းဟေ့ ရုံးချိန်နီးနေပြီ။ မင့်ဆရာ ရွှတ်နောက်တာနဲ့ အချိန်အတော်ကုန်သွားတယ်"

"ခင်ဗျား လေပန်းတာလည်း ထည့်ပြောဦးမှပေါ့"

ခါတိုင်း သူတို့ချည်းဖြစ်လျှင် ကိုစန်းတင်သည် အတွင်းဝန်ရုံးမှ ရက်စတောရင့်သို့ ခြေကျင်လျှောက်လာကြသည်။ အသွား ၁၀ မိနစ်၊ အပြန် ၁၀ မိနစ်၊ စားသောက်ချိန် ၁၅ မိနစ် နာရီဝက်သာသာနှင့် ပြီးသည်ဟု အချိန်ကိုက်ထား၏။ မောင်မောင်ထူးလာသည့် နေ့ရက်၌ကား အစိမ်းနု ရောင်ပစ်ကပ်ဆလွန်းကားနှင့် လာခေါ်၊ ပြန်ပို့လုပ်ပေး၏။

ရက်စတောရင့်ရှေ့တွင်ရပ်ထားသော မောင်မောင်ထူး၏ ကားနားသို့ ရောက်ရှိလာကြသဖြင့် ကိုစန်းတင်က ဒရိုင်ဘာအား အပြောလိုက်၊ မောင်မောင်ထူးက ပြန်၍ ပက်လိုက်ခြင်း ဖြစ်သည်။

မိန်းမပျိုသုံးယောက်က ကားနောက်ပိုင်းမှ ဖက်တီးမောင်မောင်ထူးနှင့် ကိုစန်းတင်က ရှေ့ပိုင်းမှ ကတ်ကတ်သတ်သတ် ထိုင်ကြကာ ကားကို လျင်မြန်စွာ မောင်းစေသည်။ ဒရိုင်ဘာ မောင်လွန်းက ၃၇ လမ်း၊ ၃၈ လမ်း၊ လွှစ္စလမ်း၊ ၃၉ လမ်း၊ လမ်း ၄၀ မှ စပါတ်လမ်းအထိ တစ်မိနစ်နှင့် အရောက် မောင်းပြလိုက်၏။

"သိုင်းခရ … ကိုမောင်မောင်"

အတွင်းဝန်ကြီးများ ရုံးအနောက်ပေါက်တွင် အရပ်လိုက် ခင်လှမြင့်က ကျေးဇူးတင်စကား ပြောလိုက်၏။ ကိုစန်းတင် ကားပေါ်က ဆင်းလျှင် မောင်မောင်ထူးပါ ဆင်းပြန်ရာ ကိုစန်းတင်က–

"ဟော့ … မောင်မောင် ဘာလုပ်ဦးမလို့လဲ"

"ပြောစရာရှိလို့ ခင်ဗျားရုံးခန်းထဲ ၁၀ မိနစ်လောက်၊ မောင်လွန်းရေ လမ်းအနောက်ဘက် အရိပ်က စောင့်နေကွာ"

မောင်မောင်ထူးက ကိုစန်းတင်အား ပြောရင်း စကားတစ်ဆက်တည်း

mgyoe.com

mgyoe.com

ဒရိုင်ဘာမောင်လွန်းအား အမိန့်ပေးလိုက်သည်။ ကိုစန်းတင်မှာ ရုံးဝန်ထောက်ဖြစ်၍ အစောင့်များနှင့်သိသဖြင့် ဝင်လက်မှတ်ကို သူကိုယ်တိုင် တောင်းယူပေးကာ အတွင်းဝန်ရုံးထဲသို့ နှစ်ယောက်သား ဝင်ခဲ့ကြ၏။ မိန်းမပျိုများမှာလည်း သူတို့ဝင်နေကျအပေါက်က ဝင်ရောက်သွားကြပြီဖြစ်သည်။

■

mgyoe.com

mgyoe.com

# အခန်း (၂)

ကိုစန်းတင်ကား အသက်၂၃ နှစ်အရွယ်တွင် ဘီအေအောင်ပြီးနောက် အထက်တန်းစာရေး ဘဝတွင် တစ်နှစ်ခန့် အနစ်နာခံ၍ လုပ်ရသေး၏။ အလုပ်ကို ရိုသေခြင်း၊ ရိုးသားတည်ကြည်ခြင်းကြောင့် ရုံးဝန်ထောက် ရာထူးသို့ တိုးတက်ရရှိခဲ့ခြင်း ဖြစ်သည်။ သူ၏ ရုံးချိန်တွင် အပြင်လူများနှင့် ဧည့်ခံ စကားပြောဆိုလေ့ မရှိ။ ရုံးစာရေးမများအားလည်း သူ့အခန်းသို့ အဘယ်အခါမျှ မခေါ်၊ ကိစ္စရှိလျှင် ရုံးလုလင်များမှတစ်ဆင့် ခိုင်းတတ်သည်။

တစ်ကြိမ်၌ မစိန်သန်းသည် အရေးကြီးသော လျှောက်လွှာတစ်ခုနှင့် ကိုစန်းတင်၏ အခန်းထဲသို့ ဝင်မိရာ အေဘ်ငေါက်ခြင်းပင်ခံရ၏။ နောင် ဘယ်အခါမျှ မဝင်ခဲ့နှင့်ဟုလည်း ကြိမ်းသေးသည်။ မစိန်သန်းက စိတ်မဆိုး သည့်ပြင် ကိုစန်းတင်၏ သမာဓိကို ချီးကျူးမိ၏။ လူနောက်၊ လူပြောင်၊ လူမသမာတွေ ပေါသောခေတ်တွင် မိဘများက ထိန်းသိမ်းရန်အပ်နှံကြသဖြင့် သာ၊ နေ့လယ်စာတွင် ဖော်ပြရာပါ မိန်းမပျိုသုံးယောက်အား စောင့်ထိန်း ခေါင်ငင်လင့်ပြုခြင်း ဖြစ်၏။

သားကြီး၊ မယားကြီးရှိသော အချို့ သက်ကြားအို ရုံးဝန်ထောက်၊ အတွင်းဝန်များပင်လျှင် စာရေးမကလေးများအား ပြုံတီတီ လုပ်တတ်ကြ သဖြင့် စာနယ်ဇင်း ကာတွန်းများက ပြောင်လှောင်ရေးသားကြသည်ကို ကိုစန်းတင်က တွေးရှက်နေသူ ဖြစ်၏။ ရုံးဝန်ထောက်ကား စာရေး၊ စာချီ များအား အလုပ်ခန့်ထားနိုင်လောက်သော အာဏာရှိသူမဟုတ်။ သို့ရာတွင်

mgyoe.com

mgyoe.com

ထို စာရေး၊ စာချီများ၏ ဆုတ်လမ်း၊ တက်လမ်းကိုမူ တစ်ဖက်တစ်လမ်းမှ လုပ်ပေးနိုင်သူများဖြစ်သဖြင့် ရုံးဝန်ထောက်အား မျက်နှာချိုသွေးကြရသည်။

ယခု မောင်မောင်ထူး လိုက်၍လာရာ၌ သူ့တွင် အနေကျပ်သွား၏။ သို့ရာတွင် သူ့အား အမြဲတမ်းလို ထောက်ပံ့၍ အကျပ်အတည်း တွေ့လျှင်လည်း လိုသမျှကို ကူညီသူဖြစ်သောကြောင့် မငြင်းပယ်သာ။ မောင်မောင်ထူးကလည်း ၁၀ မိနစ်တည်းပါ ဆိုသဖြင့် သူ့အကြောင်းသိပြီး ဖြစ်နေသည်ဟု ရုံးခန်းသို့ တက်မည့်အလုပ်–

"ဟာ ... ခင်ဗျားရုံးခန်း မလိုက်တော့ဘူးဗျာ၊ ဒီကပဲ ပြန်တော့မယ်"

မောင်မောင်ထူးက ပြောလိုက်သဖြင့် ကိုစန်းတင် အတော် စိတ်မကောင်းဖြစ်သွားသည်။ သူက မောင်မောင်ထူးအား စကားမပြောဘဲ သူ့အလုပ်ဝတ္တရားကိုသာ တွေးတောလာသဖြင့် မောင်မောင်ထူး အားနာသွားသည်ဟု ရိပ်မိသည်။

"၁၀ မိနစ်လောက်တော့ ကိစ္စမရှိပါဘူးကွ မောင်မောင်ရ"

"၁၀ မိနစ်လောက်နဲ့ လောက်ချင်မှ လောက်မှာဗျ၊ သွားမယ်"

"ဟေ့ ... ဟေ့ ... ဘယ်လဲ၊ ဝင်ပေါက်က မထွက်ရဘူး"

မောင်မောင်ထူးက အနောက်ဘက်ပေါက်သို့သွားမည်အလုပ် ကိုစန်းတင်က တားလိုက်ရ၏။ တစ်ဖန် မောင်မောင်ထူး လက်က ဝင်ခွင့်လက်မှတ်တွင် သူနှင့် တွေ့ဆုံကြောင်းလက်မှတ် ရေးထိုးပေးအပ်ကာ –

"အရှေ့ဘက်ပေါက်က ဒီစာပြပြီး ထွက်ရတယ်ကွ"

"ဟာဗျာ ...၊ ကားက စပါတ်လမ်းဘက်က အသင့်စောင့်နေတာ"

မောင်မောင်ထူးသည် အရှေ့ဘက်ပေါက်သို့ရောက်လာကာ အစောင့်ပုလိပ်အရာရှိများအား လက်မှတ်ပြပြီး ထွက်လိုက်ရာ သူ့ထက် လူရည်လည်သော ဒရိုင်ဘာ မောင်လွန်းက ဂျူဒြါအက်ဗီကယ်လမ်း အနောက်ဘက်လမ်းဆောမှ ကားနှင့်ရပ်စောင့်နေနှင့်သည်ကို မြင်ရသဖြင့် ဝမ်းမြောက်သွားကာ–

"မောင်လွန်းကို ဆရာ ဒါတွေ သဘောကျတာပဲ"ဟု ပြောရင်း ကားပေါ်တက်ပြီးလျှင် လမ်းဖြတ်ကူးကာ တောင်ဘက်သို့ မောင်းနှင်သွားသည်။

mgyoe.com

mgyoe.com

ကိုစန်းတင်ကား မောင်မောင်ထူး ထွက်သွားသည့်အတွက် စိတ်မကောင်း ဖြစ်နေ၏။ မောင်မောင်ထူးမှာ စစ်ပြီး ဤဘက်တွင် အတွင်းဝန်များ ရုံးဝင်းကြီးအတွင်းသို့ တစ်ကြိမ်တစ်ခါမျှ ဝင်ဖူးသူ မဟုတ်။ လိုင်စင်ကိစ္စ၊ ရုံးကိစ္စရှိလျှင် သူ့ဖခင် ဦးဘစိန်ကိုယ်တိုင် လာရောက်လေ့ရှိသည်ကို သိပြီးဖြစ်၏။ မဝင်စဖူး ဝင်ချက်ထူးနေသော မောင်မောင်ထူးအတွက် သူဘာများတိုင်ပင်ချင်လို့ပါလဲဟု တွေးတောနေမိသည်။ ညနေ ရုံးဆင်းချိန်၌လည်း စရိတ်ကုန်သက်သာအောင်ဟု ၄၉ လမ်းတွင် ငှားထားသော တိုက်ခန်းသို့ ခြေလျင်ပြန်ခဲ့၏။

ကိုစန်းတင်၏အခန်းမှာ နှစ်ထပ်တွင်ရှိရာ အလုပ်ဖိုင်တွဲထည့်သော လွယ်အိတ်နှင့် ခပ်မြန်မြန်တက်ခဲ့ပြီးလျှင် တံခါးကိုခေါက်လိုက်၏။ ချောင်းကြည့်ပေါက်မှ မျက်လုံးတစ်စုံပေါ်လာပြီးနောက် တံခါးဖွင့်ပေးလိုက်သည်။ အသက် ၂၅ နှစ်ခန့် ရုပ်ရည်သန့်သန့် မိန်းမတစ်ယောက်က ပြုံးချိုလျက် လွယ်အိတ်ကို လှမ်းယူရင်း –

"၂ နာရီခွဲလောက်တုန်းက ကိုမောင်မောင် လာသွားတယ်"

"ဟေ ... ဟုတ်လား၊ ဘာပြောသွားသေးသလဲ"

"ကိုစန်း ရုံးကပြန်လာရင် ဘယ်မှ မသွားသေးဘဲ စောင့်နေပါတဲ့၊ ၅ နာရီခွဲလျှင် သူလာခဲ့မယ်တဲ့"

"အေးကွဲ့...၊ သူ ကိုစန်းနဲ့ စကားပြောချင်တယ်ဆိုပြီး ရုံးထဲ လိုက်လာသေးတယ်။ ပြီးတော့ ကိုစန်းအတွက် ညနေစာ ထမင်းထည့်မချက်နဲ့တဲ့"

ထိုအခိုက် "ဖေဖေလာပြီ"ဟု ကစားနေရာမှ သုံးနှစ်ရွယ် ယောကျ်ားကလေးတစ်ယောက် ပြေးလာကာ သူ့ဖခင် ကိုစန်းတင်၏ လုံချည်စကို ဆွဲထားသည်။ ကိုစန်းတင်က ငုံ့ကြည့်သောအခါ ရှပ်အင်္ကျီ အပြာလက်တို၊ ဘောင်းဘီနက်ပြာရောင်အတို ဝတ်ထားသည်ကို မြင်ရ၏။ ကလေးက သူ၏ ရှပ်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာ နှိုက်ယူပြီးလျှင် –

"ရော့ ... ရော့ ... ဖေဖေ၊ ဦးရေးက ပေးတွားဒါဂျ"ဟု ပေးသဖြင့် ကြည့်ရှုရာ တစ်ဆယ်တန် ငွေစက္ကူတစ်ချပ် ဖြစ်နေသည်။

"ကျွန်မ တောင်းလို့ကို မရဘူး။ ကိုမောင်မောင် ပေးသွားတာ၊ ဖေဖေ့မှ

mgyoe.com

mgyoe.com

ပေးမယ်နဲ့ လုပ်နေတယ်"

ကိုစန်းတင်မှာ ဇနီးမရီမြ၊ သားကလေး တာတီး၊ သမီးကလေး တစ်နှစ်သာသာ ပူတူးမတို့ဖြင့် သူ၏အိမ်ထောင်သာယာမှုကို ကျေနပ်နေသည်။ ပူတူးမကို အသက် ၁၈ နှစ်ရွယ် ခယ်မဖြစ်သူ မရီလှက ထိန်းနေ၏။

"ကဲလေ ...၊ အဝတ်လဲပါဦး"

"၅ နာရီ ထိုးပြီကွာ၊ မောင်မောင် လာလုပြီ။ မလဲတော့ဘူး"

သူသည် တာတီးအား ပွေ့ချီနမ်းရှုပ်ပြီးလျှင် စားပွဲတွင်ထိုင်ကာ လက်စမသတ်ရသေးသော အလုပ်တစ်ခုကို ထိုင်၍လုပ်နေ၏။ အလုပ်တွင် စိတ်ဝင်စားသဖြင့် နာရီဝက်အချိန်မှာ ကုန်မှန်းမသိ ကုန်သွားသည်။

"ဗူ ... ဗူ ... ဗူ"

မော်တော်ကားဟွန်းသံ ကြားပြီးနောက် မရှေးမနှောင်းပင် လှေကားမှ တက်လာသော ရှူးဖိနပ်သံကို ကြားရ၏။ တံခါးမမှာ ဖွင့်လျက်ပင်ရှိသဖြင့် တံခါးမပေါက်မှ မောင်မောင်ထူး ဝင်လာ၏။

"လာဟေ့ ... ထိုင်ဦး မောင်မောင်"

"မထိုင်တော့ဘူးဗျာ၊ လာ ... သွားကြစို့။ ခင်ဗျားလည်း အသင့်ဖြစ်အောင်လို့ အဝတ်မှ မလဲသေးဘဲ"

ကိုစန်းတင်၏ခါးတွင် မီးခိုးရောင်ဗန်ကောက်လုံချည်၊ တာဆို အပေါ်ဝတ်အနက်၊ ရှပ်ဖြူအတွင်းခံ ဝတ်ထား၏။ မောင်မောင်ထူး၏ခါး၌ သံရောင် ဗန်ကောက်လုံချည်၊ စတစ်ကော်လံရှပ်ဖြူ၊ ကျစ်ပိုးနက်အကျႌ ဝတ်ဆင်ထားရာ သူ၏ အသားလတ်လတ်နှင့် အတော်ကြည့်ကောင်းနေသည်။ မောင်မောင်ထူးက –

"မရီမြ၊ ၉ နာရီထက် နောက်မကျစေရဘူး။ ကိုစန်းတင်ကို ပြန်ပို့ပေးမယ်"

နှစ်ယောက်သား ဆင်း၍လာကာ ကားပေါ်သို့တက်၍ ထိုင်လိုက်ကြ၏။ ဒရိုင်ဘာမောင်လွန်းအား သွားမည့်နေရာကို ပြောထားဟန်တူ၏။ ၄၉ လမ်းမှ ဒါလ်ဟိုဇီလမ်းဘက်သို့ထွက်ပြီးလျှင် စပါတ်လမ်းအထိ မောင်း၏။ စပါတ်လမ်းက ကမ်းနားလမ်းအထိ တောင်သို့ကွေ့ကာ ကမ်း

mgyoe.com

mgyoe.com

နားလမ်းမှ အနောက်သို့ မောင်းပြန်သည်။ လွှစ္စလမ်းထိပ်သို့ရောက်လျှင် ကားအသွားအလာကြည့်ပြီး မြောက်ဘက်သို့ကူးကာ စထရင်းဟိုတယ်ရှေ့သို့ ကားကိုထိုး၍ ရပ်လိုက်လေသည်။

နှစ်ယောက်သား စနေထောင့် ချောင်ကျသော တစ်နေရာတွင် ထိုင်လိုက်ကြကာ အနီးသို့ရပ်လာသည့် ဘွိုင်ကုလားအား ဂျော်နီဝါပ်ကာဝီစကီ တစ်ခွက်နှင့် ဘီယာတစ်လုံး မှာလိုက်၏။ မှာသောအရက်များရောက်လာလျှင် မောင်မောင်ထူးက ဝီစကီသောက်၍ ကိုစန်းတင်က လက်ကိုင်နှင့် ဖန်ခွက်ကြီးထဲတွင် ဘွိုင်ထည့်ပေးသောဘီယာကို တစ်ကျိုက် နှစ်ကျိုက် မော့ကျိုက်လိုက်ပြီး–

"ဒီဘဝမျိုး ငါ ဘယ်တော့များမှ ရောက်ပါ့မလဲ မောင်မောင်ရာ"

"ကျွန်တော် ပြောသားပဲ၊ ခင်ဗျား လုပ်ချင်ရင် နေ့တိုင်း ကျွန်တော်က တိုက်ပါ့မယ်ဆိုရက်နဲ့ ..."

"ဟာကွာ ...၊ နေ့တိုင်းတော့ ဘယ်ကောင်းမလဲ"

အလုပ်ပန်းသော ဂေါ်ရင်ဂျီကုလားများပင် အရက်ဖြူဆိုင်တွင် တစ်မတ်ဖိုး၊ ငါးမူးဖိုး မော့ကြသည်။ အချို့ ကုလားများမှာ အလုပ်ပြီးသည့် ညနေခင်းတွင် ထန်းရည်ဆိုင်၊ ကစော်ဆိုင်တွင် ညံစာစာနှင့် သူတို့၏ အင်အားကို ဗယာကြော်၊ ကစော်များနှင့် ဖြည့်ကြ၏။ စာရေး စာချီများမှာလည်း ရသည့်လခနှင့် ဝီစကီ၊ ဘရန်ဒီမတတ်နိုင်သဖြင့် တစ်နေ့လုံး တကုန်းကုန်းနှင့် ရုံးတွင်လုပ်ခဲ့ရသမျှ ရုံးဆင်းလျှင် တတ်နိုင်သရွေ့ အရက်ဖြူဆိုင်တွင် ငါးမူးဖိုး၊ တစ်ကျပ်ဖိုး အိမ်မရောက်ခင် မော့လေ့ရှိကြရာ ကိုစန်းတင်မှာလည်း ထိုကဲ့သို့ပင် အနည်းအကျဉ်းတော့မော့ချင်သေးသည်။ အိမ်လခ၊ စားစရိတ်တို့ကြောင့် မမော့နိုင်ခြင်းဖြစ်ရာ မောင်မောင်ထူးကဲ့သို့ ဒါယကာ တွေ့သော အခါကျမှ အားရပါးရ မော့နိုင်ရှာတော့၏။

"ဒါထက် ရုံးက မင်းပြန်သွားတော့ ငါစိတ်မကောင်းဖြစ်လိုက်တာ မောင်မောင်ရာ"

"မကောင်းစရာ မရှိပါဘူးဗျာ၊ ခင်ဗျားက အလုပ်ရှိသေးတဲ့သူမို့ အနှောင့်အယှက် ဖြစ်မှာစိုးတာနဲ့ ကျွန်တော် ပြန်သွားတာပါ"

mgyoe.com

mgyoe.com

မောင်မောင်ထူးသည် လက်ကျန်ဝီစကီကို မော့ကျိုက်ချပြီးလျှင် စားပွဲပေါ်တင်ထားသော ငြေပဲဆားလှော်ကို တစ်စေ့ နှစ်စေ့ ကောက်ယူ၍ မြုံ့ဝါးနေရင်း –

"ဘွိုင် ... ဝမ်းပက်"ဟု နောက်တစ်ခွက် အော်ဒါပေးလိုက်ပြန်သည်။

စထရင်းဟိုတယ်တွင် အမြည်းမရ။ ထိုအကြောင်း သိပြီးဖြစ်သဖြင့် မောင်မောင်ထူးက လမ်းမှ မြေပဲဆားလှော် ဝယ်ခဲ့ခြင်းဖြစ်၏။ ထို့ထက် ကောင်းသော ဘဲကင်၊ ဝက်ခေါက်ကင်များ ယူမည်စိတ်ကူးပြီးမှ ညစာ ထမင်း ကိုစန်းတင်နှင့်အတူတူ စားမည်ဟု ရင်ပြည့်မှာစိုး၍ မယူခဲ့ခြင်း ဖြစ်သည်။ ကိုစန်းတင်မှာ ပထမ ဖန်ခွက်ကြီးတစ်လုံးကုန်၍ နောက် တစ်လုံးမှာ တစ်ဝက်မျှကျန်သေးသဖြင့် ထပ်၍မမှာဘဲ စောင့်ဆိုင်းနေ၏။

"ဒါထက် မင်း ငါ့ကို ဘာတိုင်ပင်စရာရှိသလဲ မောင်မောင်ရ"

မောင်မောင်ထူးက ဘာမျှမပြော။ ကိုစန်းတင်၏ မျက်နှာကို ရီဝေသော မျက်လုံးများဖြင့် ကြည့်ရာက ဝီစကီတစ်ကျိုက် မော့လိုက်၏။ ပြီးမှ စီးကရက်တစ်လိပ်ကို မီးညှိ ရှူဖွာနေသည်။

ကိုစန်းတင်မှာ မောင်မောင်ထူးထက် အသက်နှစ်နှစ် ကြီးသော် လည်း တက္ကသိုလ်စာမေးပွဲတွင် မောင်မောင်ထူးက အသက် ၂၁ နှစ် ဘီကွမ်း၊ ကိုစန်းတင်က ၂၃ နှစ်တွင် ဘီအေ တစ်နှစ်တည်း ဖြေဆိုခဲ့ကြရ၏။ ကိုစန်းတင်က ညံ့ဖျင်း၍မဟုတ်၊ မောင်မောင်ထူး၏ မိဘလို ငွေကြေးမတတ် နိုင်သဖြင့် ဥပစာတန်းတုန်းက မောင်မောင်ထူးလို အိမ်တွင် ကျူရှင်မယူခဲ့ နိုင်သောကြောင့် ဖြစ်၏။

မောင်မောင်ထူး ၁၇ နှစ်သားကပင် ညီအစ်ကိုအရင်းလို ခင်မင်ခဲ့ ကြရာ ကိုစန်းတင်က မောင်မောင်ထူးအကြောင်း ကောင်းကောင်းသိ၏။ ရွှတ်နောက်တတ်သော်လည်း မိန်းကလေးများအား ပိုးပန်းတတ်သူမဟုတ်။ အချို့မိန်းကလေးများက မောင်မောင်ထူးအား ရေလာမြောင်းပေး လုပ်ပေး သည်ကိုပင် သူက အလိုက်သင့် စီးဆင်းတတ်ခြင်း မရှိခဲ့ချေ။

ယခု မောင်မောင်ထူး တိုင်ပင်လိုသောကိစ္စ ဘာတိုင်ပင်စရာရှိသလဲ မေးသောအခါ ရုတ်တရက် မပြောခြင်းဖြင့် ဘာကိစ္စဖြစ်ရမည်ဟု တွေးမိ၏။

mgyoe.com

mgyoe.com

သူနှင့် လောလောဆယ် အရင်းနှီးဆုံးမှာ မစိန်သန်း၊ ခင်လှမြင့်နှင့် မူမူနွဲ့ ဤမိန်းမပျိုသုံးယောက်သာဖြစ်၏။ ခင်လှမြင့်နှင့်မူမူနွဲ့တို့ကိုမူ မောင်မောင်ထူးက ကစားစရာလို သဘောထားကြောင်း သိပြီးဖြစ်သည်။ မစိန်သန်းမှာ သုံးယောက်အနက် ဣန္ဒြေအရဆုံး၊ အချောဆုံး ဖြစ်၏။ မောင်မောင်ထူးသည် မစိန်သန်းအား မနောက်မပြောင်ဘဲ တစ်ချီ တစ်ချီ စိုက်ကြည့်ဖူးသည်ကို တွေးမိရကား ကိုစန်းတင်က –

"မင်း မပြောပေမဲ့ မင်း ဘာတိုင်ပင်ချင်တယ်ဆိုတာ သိပြီကွ"

"ကဲ ... ဘာလဲ ပြော"

"မစိန်သန်းကို မင်းချစ်နေလို့၊ ဒါကို တိုင်ပင်ချင်တယ် မဟုတ်လား"

"ဟဲ ... ဟဲ ... ဟဲ ... ဟဲ"

မောင်မောင်ထူးက ဘာမျှမပြောဘဲ တဟဲဟဲနှင့် ရယ်၍နေသည်။

"မင်းမှာ ရယ်ရမှာပဲ တတ်တယ်။ ဂေါမစ္စံ ငနဲဆိုတာ မင်းလူပျို ပေါက်ကတည်းက ငါသိခဲ့တာပါကွ"

"အေးဗျာ၊ ဒါ့ကြောင့် ခင်ဗျားကို ဒီခေါ်ခဲ့တာပေါ့၊ ဘွိုင်ဝမ်းဘော် တီလ်ဘီယာ" စကားတစ်ဆက်တည်း ဘီယာတစ်ပုလင်း မှာလိုက်ပြန်၏။ ကိုစန်းတင်မှာ တစ်ခါတစ်ရံမှ သောက်ရသူဖြစ်သဖြင့် ဘီယာတစ်ပုလင်း ကုန်လျှင် အတော်ကြီး ရီတီတီ ဖြစ်နေသည်။ မောင်မောင်ထူးမှာလည်း ဝီစကီနှစ်ခွက်ကုန်ပြီဖြစ်သဖြင့် အတော်ကလေး ထွေရီ၍နေပြီ ဖြစ်၏။ သည်လို ရဲဆေးတင်ပြီးမှ သူပြောချင်တာတွေ ပြောချရဲတော့မည်။

"ခင်ဗျာ့ဝမ်းထဲ ပုဏ္ဏားလေး ပါတယ်ထင်တယ်"

"ဟ ... ပုဏ္ဏားလေးပါရင် ဗိုက်ဖောင်းနေရောပေါ့"

"အံမာ ... ကိုစန်းတင်လည်း ပြက်တတ်သားပဲ၊ မှန်း ... နှာခေါင်း ကလား"

ကိုစန်းတင်က ဘာမျှမပြောဘဲ ရယ်၍နေလေသည်။ မောင်မောင် ထူးက –

"ခင်ဗျားပြောလို့ ကျွန်တော်သိရသလောက်တော့ မစိန်သန်းဟာ အသက် ၂၂ နှစ်၊ မြစ်ဝကျွန်းပေါ်မြို့က ဆန်စက်ပိုင်၊ မြေပိုင်ရှင် ဦးသိန်း

mgyoe.com

mgyoe.com

သန်း–ဒေါ်စိန်မြိုင်ရဲ့သမီး၊ မြို့ကို ကေအင်ဒီအိုတွေဝင်တော့ ဆန်စက်မီးရှို့ခံရတယ်။ ဦးသိန်းသန်း အသတ်ခံရတယ်။ ဒေါ်စိန်မြိုင်နဲ့ သူ့ညီမ အပျိုကြီး ဒေါ်စိန်လှိုင်၊ မစိန်သန်းတို့ ရန်ကုန်ကို ကိုယ်လွတ်ပြေးလာကြရတယ်။ မစိန်သန်းက မက်ထရစ်အောင်လို့ ရုံးအလုပ်ကိုလျှောက်တော့ အောက်တန်းစာရေးမ အလုပ်ရတယ်။ ဒါပဲ မဟုတ်လား"

"အေး ... ငါလည်း ဒီထက်ပိုပြီး မသိဘူး"

"ထားပါတော့လေ ...။ မိခင်၊ အဒေါ်၊ သူနဲ့ သုံးယောက်လခလေး ၁၂၀ ကျပ်ကျော်နဲ့ ဘယ်လိုစားကြမလဲ။ ဒါက ပထမ သနားမိတာ။ ပြီးတော့ သူရဲ့ တည်ကြည်ရိုးသားပုံ မြင်ရတော့ ချစ်လာတယ်၊ သနားချစ် ချစ်လာတယ် ဆိုပါတော့ဗျာ"

"သူ့ကို ချစ်ရေးဆိုချင်လာပြီ မဟုတ်လား။ ဒါပေမဲ့ မောင်မောင်မင်းကို သူက ချစ်ပါပြီတဲ့၊ မင့်မိဘက သဘောတူပါ့မလား"

"တူမှာပေါ့ဗျာ၊ တစ်ယောက်တည်းသော သားချစ်ပဲဟာ"

"မထင်နဲ့မောင်၊ ဒီပြင်နေရာ အလိုလိုက်ပေမဲ့ အိမ်ထောင်ရေးကျတော့ လိုက်ချင်မှ လိုက်မယ်"

"မလိုက်တော့ကော ဘာအရေးလဲ၊ ကျွန်တော်လည်း ပညာနဲ့မဟုတ်လား။ အလုပ်အကိုင် ရှာပြီးတော့ ကျွေးမှာပေါ့"

"မင်း ဒီလိုသဘောထားရင်တော့ ချစ်ရေးဆိုတာပေါ့ကွာ"

"အဲ ... ဟုတ်ပြီ၊ ဒီတော့ မောင်မောင်ထူးဆိုတဲ့ သတ္တဝါက မစိန်သန်းကို ဘုရားစူးရစေ တကယ်ချစ်နေပြီလို့ ခင်ဗျားက ပြောပေးပါလား"

"ဟယ် ... မဟုတ်လိုက်တာ မောင်မောင်ရာ၊ ကိုယ့်အောက်က ရုံးစာရေးမကို ငါကိုယ်တိုင်ပြောလို့ ဘယ်ကောင်းပါ့မလဲ"

"ခင်ဗျား ဦးခေါင်းရှင်းရှင်းထားပြီးတော့ ကြံစမ်းပါဦးဗျာ"

"ခင်လှမြင့်နဲ့ မူမူနဲ့ တစ်ယောက်ယောက်ကို တစ်ဆင့်အပြောခိုင်းကြည့်ရင် သင့်မလားဘဲ"

"ဟာဗျာ ... မိန်းမတွေနဲ့အဆက်သွယ်ခိုင်းလို့ မဟန်ပါဘူး၊ ကျွန်တော်က ချစ်မေတ္တာစာရေးမယ်။ အဲဒီစာကို ခင်ဗျားက တစ်ဆင့်ပေး ပေးပေါ့"

mgyoe.com

mgyoe.com

"မင့်အတွက်တော့ အလိုလိုက်ရတာပေါ့"

"သိုင်းခရုဗဲရီးမတ်(ချ်)။ ဘွိုင်"

"တော်တော့ကွာ၊ ငါ အတော်ထွေနေပြီ"

ကိုစန်းတင်က ထိုသို့ပြောကာ ခြေလှမ်းပြင်နေသော ဘွိုင်အား လက်ကာပြလိုက်၏။ အခြား ဘွိုင်တစ်ယောက် ဘီလ်စာရင်းယူလာသဖြင့် မောင်မောင်ထူးက တစ်ဆယ်တန်နှစ်ချပ် ထုတ်ပေးလိုက်သည်။ ဘွိုင်အမ်းသောအကြွေများအနက် ကျပ်တန်များသာ ယူပြီးလျှင် ကျန်ငါးမူးစေ့ကို ဘောက်ဆူးပေးသဖြင့် ကုလားက ဆလံပေးကာ ထွက်ခွာသွားလေ၏။

နှစ်ယောက်သား စထရင်းဟိုတယ်မှ ထွက်ခဲ့ကြကာ ရပ်စောင့်နေသော မော်တော်ကားကို ပန်းဆိုးတန်း တရုတ်ဟိုတယ်ကြီးတစ်ခုသို့ အမောင်းခိုင်းပြီး ဟိုတယ်တွင် ညစာစားကြ၏။ ပြီးမှ ကိုစန်းတင်အား ၄၉လမ်းသို့ အိမ်အရောက်ပို့ပေးကာ မောင်မောင်ထူးလည်း သူ့တိုက်သို့ ပြန်ခဲ့လေသည်။

■

mgyoe.com

mgyoe.com

# အခန်း (၃)

မောင်မောင်ထူးကား ဖော်ပြခဲ့သည့်အတိုင်း ရွှတ်နောက်တတ်သော်လည်း အချစ်နှင့်ပတ်သက်၍ လက်တွေ့ မရှိခဲ့ချေ။ မိဘကလည်း ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ၍ ခေတ်ပညာတတ်၊ ရုပ်ရည်လည်း မညံ့သဖြင့် သူသာလည်လည်ပတ်ပတ်နှင့် ပိုးပန်းတတ်က မိန်းမပျိုအများ ချစ်ကြိုက်ကြမည်ဖြစ်သည်။ သူက မပိုးပန်းတတ်သော်လည်း အချစ်ကိုတော့ တန်ဖိုးထားသည်။ မိန်းမပျိုတစ်ဦးအား သူ၏ သန့်စင်သောချစ်မေတ္တာနှင့်မှ ရေစက်ဆုံချင်၏။ သူ တွေ့နေရသော မစိန်သန်းမှာ သူ့စိတ်တွင် စွဲသွားလောက်အောင် ချစ်မေတ္တာစိတ် ဝင်စားနေပြီဖြစ်ရာ မစိန်သန်း အောက် တန်းစာရေးမကလေးစသော ချို့တဲ့မှုကို ဂရုမစိုက်၊ အနေရိုးသားမှုကလေးကို နှစ်ခြိုက်သဘောကျနေသည်။

"စန်းမောင်တစ်ယောက် ရှိပါသလားခင်ဗျာ"

"စာရေးဆရာ စန္ဒာနွယ်ကို မေးတာလား"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

စစ်ကဲမောင်ထော်လေးလမ်း မဂ္ဂဇင်း အလုပ်တိုက်ပေါက်သို့ အသက် ၂၅ နှစ်ခန့်၊ ခေါင်းကြီးကြီး မျက်လုံးပြူးပြူး သားသားနားနား ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်က ကျွဲကော်ကိုင်းမျက်နှာနှင့် အသားမညို့တညို့ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအား မေးလိုက်ခြင်းဖြစ်သည်။ အယ်ဒီတာက –

mgyoe.com

mgyoe.com

"အခုပဲ တော်ရာခွေနဲ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင် သွားကြလေရဲ့"

ကိုစန်းတင်နှင့် တိုင်ပင်ပြီးနောက် နောက်တစ်နေ့ မွန်းလွဲ ၃ နာရီခန့်တွင် မောင်မောင်ထူး လာရောက်မေးခြင်း ဖြစ်၏။ စန်းမောင်မှာ သူနှင့်ကျောင်းနေဖက် အလွမ်းစာရေးဆရာ ဖြစ်သည်။ စာရေးဝါသနာပါလွန်းသဖြင့် အိုင်အေစီနီယာတွင် ကျကျန်ခဲ့သော်လည်း စာပေဗဟုသုတအရာမှာ သာမန် ဘီအေထက် မညံ့တဲ့ တော်သူတစ်ယောက်တည်း။

မောင်မောင်ထူး မဂ္ဂဇင်းတိုက်ရှေ့တွင် ရပ်ထားသော ဆလွန်းကားကြီးဖြင့် လမ်းထိပ်သို့ လိုက်ပြန်၏။ အခန့်သင့်ပင် ကော်ဖီနှင့် စမူဆာစားနေကြသော စာရေးဆရာနှစ်ယောက်ကို မြင်ရ၏။

"လာဟေ့ ... မောင်မောင်၊ ကော်ဖီ သောက်လှည့်ဦး"

"နေ့လယ်က စားသောက်ပြီးပါပြီ။ ဒါပေမဲ့ မင်း စားသောက်တာကို စောင့်နေပါ့မယ်"

မောင်မောင်ထူး ဆိုင်ထဲအဝင်လိုက် အသားလတ်လတ်၊ လူပျန်သေးသေး စန်းမောင်က ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။ စာရေးဆရာ နှစ်ယောက်ပေါင်းမှ ငွေတစ်ကျပ်သာ ရှိ၏။ ကော်ဖီတစ်ခွက်စီမှာ တစ်ဝက်နီးနီးကုန်နေကြပြီး စမူဆာ ရှစ်ခုအနက် နှစ်ခုစီ သုံးဆောင်နေကြ၏။ ကျန်လေးခုဆက်၍စားချင်ကြရာ စားပြီးသောက်ပြီးကပင် တစ်ကျပ်ကျနေသဖြင့် ဆက်၍မနှိုက်ဝံ့တုန်း မောင်မောင်ထူး ရောက်လာသည်မှာ သူတို့အဖို့ ကံကောင်းခြင်းဖြစ်၏။ စီးကရက် ခဲချင်သေးတာကတော့ မောင်မောင်ထူးတွင် ၁၈ ကရက် အလိပ် ၂၀ ဝင် ရွှေဘူးနှင့် အမြဲပါတတ်သည်ကို သတိရသဖြင့် စိတ်အေးသွားလေသည်။

စန်းမောင်က သူနှင့်အဖော်ပါလာသော ဘဝတူ စာရေးဆရာအား မျက်စပစ်ကာ စမူဆာကို ဆက်၍ အစားခိုင်းသည်။ နောက်ထပ် စမူဆာကုန်သောအခါ အကြမ်းဆက်သောက်ရင်း စန်းမောင်က လက်ညှိုးနှင့် ပါးစပ်ကို တပ်ပြသဖြင့် မောင်မောင်ထူးက စီးကရက်ဘူးထုတ်၍တည်သည်။ ကျသင့်သောငွေလည်း ထုတ်ပေးပြီးနောက် –

mgyoe.com

mgyoe.com

"စန်းမောင် ငါနဲ့ အိမ်ကို ခဏလိုက်ခဲ့စမ်းပါ"

"ဘာကိစ္စ ရှိလို့လဲကွ"

"တိုင်ပင်စရာ အရေးကြီးတဲ့ကိစ္စ ရှိလို့ပါ"

"မင့် အုံးအင်ကြီးကို အားနာတယ်ကွာ၊ မင်းနဲ့ ငါနဲ့ တွဲမိရင် အမြဲ မူးကြတာပဲ"

"မင်းကို ဖေဖေက ဘယ်တော့က ငြိုငြင်ဖူးသလဲ"

"အေး ... မငြိုငြင်ဘဲ သဘောကောင်းလို့ အားနာနေတာပေါ့"

"လာကွာ ... ဂျီးများမနေနဲ့၊ အခုကိစ္စက ငါ့အခန်းထဲ တိုင်ပင်မှဖြစ်မှာ မို့ပါ"

မောင်မောင်ထူးက စန်းမောင်၏ လက်မောင်းကို ဆွဲထူလိုက်ရာ မတ်တတ်ဖြစ်သွားသည်။ ပြီးမှ အဖော်စာရေးဆရာအား ကြည့်ကာ –

"ကျွန်တော်တို့ကို ခွင့်ပြုပါနော်၊ အရေးကြီးတဲ့ကိစ္စ ရှိလို့ပါ"

ထိုသို့ နှုတ်ဆက်ပြီးလျှင် စန်းမောင်အား သူ့ကားနှင့်တင်ကာ ပန်းဆိုးတန်းသို့ လာခဲ့ကြ၏။ ပန်းဆိုးတန်း၌ ကြီးမားသော တိုက်ကြီး တစ်တိုက်၏ အောက်ဆုံးထပ် နှစ်ထပ်မှာ ကုန်ပစ္စည်းများ ရှိုးပြ၍ စာရေး စာချီများနှင့် အကြီးအကျယ် ရောင်းချနေရာ အပေါ်ဆုံး တတိယအထပ်မှာ မိသားတစ်စု နေထိုင်ကြသည်။ မိသားတစ်စုဆိုရာ၌ မောင်မောင်၏ဖခင် ဦးဘစိန်း အသက် ၅၀ ခန့်၊ မိခင် ဒေါ်ဝင်းရီ ၄၇ နှစ်ခန့်၊ သားမောင်မောင်ထူး (ရင်းနှီးသူများက ထူးထည့်မခေါ်ဘဲ မောင်မောင်ဟု ခေါ်ကြသည်။) အခြား အိမ်ဖော်များလည်း ရှိ၏။

ညဘက် တိုက်ပိတ်လျှင် ဂေါ်ရခါး ဒရဝမ်နှစ်ယောက် ရိုင်ဖယ် ကိုယ်စီနှင့် စောင့်ကြသဖြင့် မောင်မောင်ထူး ဘယ်အချိန်မှပြန်ပြန် ဆူပူခြင်း မပြုကြချေ။ တစ်ဦးတည်းသောသားကို များစွာ အလိုလိုက်ကြသည်။

သူငယ်ချင်းနှစ်ယောက် သုံးထပ်ပေါ်သို့ စန်းမောင်က ရှေ့က မောင်မောင်က နောက်မှကပ်လျက် တက်၍လာကြရာ –

"အမယ်လေးကွာ ...၊ ချီးမှပဲ နာလိုက်တာ"

မောင်မောင်က စန်းမောင်၏ဖင်ပိန်ကလေးကို နောက်မှဆိတ်လိုက်

mgyoe.com

mgyoe.com

သောကြောင့် အာမေဍိတ်သံနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

"ဒီလို သူငယ်ချင်းတွေအပေါ်တော့ နောက်တတ်ပြီး မိန်းကလေးများတွေ့ရင် အူကြောင်ကြောင်နဲ့..."

"အံမာ ...၊ မနေ့က ခင်လှမြင့်နဲ့ မူမူနွဲ့ကို နောက်လိုက်တာ အတော်ရယ်နေကြတာပဲ"

နောက်ပြောင်ပုံကို ထပ်မံပြောရင်း အပေါ်ဆုံးထပ်သို့ ရောက်ရှိလာကြ၏။ တိုက်အပေါ်ထပ်၌ ဆိုဖာကြီး၊ စားပွဲဝိုင်းနှစ်စုံ ရှိသည်။ မောင်မောင်က စန်းမောင်အား သူ့အခန်းထဲ ခေါ်သွား၏။ စားပွဲဝိုင်းနှင့် ကုလားထိုင်လွတ်လေးလုံး၊ တစ်ယောက်အိပ်ခုတင်၊ အလှပြင်မှန်ဗီရို သားသားနားနားဖြစ်၏။

"ထိုင်ဟေ့ ... သူငယ်ချင်း"

"အံမာ ... ဘာရမလဲ၊ မင့်သောက်ကျင့် ငါက သိပြီးသားပဲ"

စန်းမောင်က စားပွဲနှင့် ကုလားထိုင်ကြားရောက်၍ ထိုင်မည်အလုပ် မောင်မောင်က ကုလားထိုင်ကို နောက်သို့ဆွဲလိုက်ရာ စန်းမောင်က ကုလားထိုင်ကို လက်နှင့်ဖိမိပြီးမှ ထိုင်ရခြင်းဖြစ်သည်။

"မင်း သတိကောင်းရဲ့လားလို့ စမ်းကြည့်တာပါ"

"တော်စမ်းပါ၊ မင်းကိစ္စ ဆိုစမ်း"

"ငါ့မှာ အခု ချစ်သူတွေ့နေပြီကွ"

မောင်မောင်က အပေါ်အင်္ကျီကို ချိတ်တွင်ချိတ်ထားလိုက်ပြီး စန်းမောင်နှင့် မျက်နှာချင်းဆိုင်ထိုင်ကာ ပြောလိုက်သည်။

"ငါ ပါးစပ်နာနေလို့သာ၊ ပါးစပ်ပေါက် နားထင်ရောက်အောင် ရယ်ပစ်လိုက်ရ"

"သေဆောင် ရယ်ပါလား၊ ငါက အမှန်ပြောနေတာ"

"ချစ်သူဆိုတာက မင့်ဘက်က ဖစ်ဖတီးပါဆင့် သေချာပြီဆိုပါတော့"

"ဒါပေါ့ကွ"

"အေး ... ဒီလိုဆိုရင် ယုံပြီ၊ မင်းလည်း လူပျိုတစ်ယောက်ပေပဲ အချစ်နဲ့ မကင်းနိုင်ဘူး။ အချစ်ဆိုတာ ဘုန်းကြီး၊ သီလရှင်တောင် မကင်းကြဘူးကွ"

mgyoe.com

mgyoe.com

"စာရေးဆရာပီပီ လေရှည်လိုက်ကာကွာ၊ အခု မင်းကိုခေါ်ခဲ့တာက ချစ်မေတ္တာလွှာတစ်စောင် အရေးခိုင်းမလို့ ..."

"သြော် ... သြော် ... ဒီလိုကိုး၊ ငါလည်း အလွမ်းဆရာတစ်ယောက်မို့ ချစ်လာအောင်၊ လွမ်းလာအောင် ရေးရမယ်ဆိုပါတော့"

"ငါ တက္ကသိုလ်တုန်းက အိုဘီမယူမိတာ ဒီလိုအခါမျိုးကျတော့ မင်းလို လူကို ကညနေရတာပဲ"

"ကဲ ... မင်း ရည်မှန်းထားတဲ့ မိန်းမက ဘယ်သူလဲ"

မောင်မောင်က မစိန်သန်းအကြောင်းကို ရုပ်ရည်တည်ကြည်ပုံ၊ စာရေးမဖြစ်ပုံများပါ ပြောပြသည်။

"ဒါဖြင့် ကိုစန်းတင် ကပ်ရှုပဲပေါ့၊ မင်းနဲ့ အလွန်ခင်တဲ့ဟာ"

"မနေ့ညနေက သူ့ကိုချော့ပြီး နှူးလို့ သူက စာပေးပေးပါ့မယ်တဲ့၊ ငါက တစ်ဖက်သား ကျလောက်အောင် မရေးတတ်ဘူး"

"အေးပါလေ ...၊ အဲဒါ ငါ့တာဝန်ထား။ လာဘ်တောင်းတယ်လည်း မထင်ပါနဲ့၊ ဒီကိစ္စပြီးရင် ဆူးလေဘုရားလမ်းက ဘားကို ပို့ပေးရမယ်"

"ငါကလည်း အစကတည်းက ရည်ရွယ်ပြီး ထားပါတယ်ကွာ"

စန်းမောင်က မောင်မောင် တင်ထားသော စီးကရက်ဘူးထဲမှ တစ်လိပ်ထုတ်လိုက်ကာ မီးညှိရှူဖွာပြီး စဉ်းစားသလို လုပ်နေသည်။

မောင်မောင်က စန်းမောင် စဉ်းစားပြီးလျှင် အသင့်ရေးရန်အတွက် စက္ကူပြာနှင့် စာရေးကတ်လှန်ကာ စန်းမောင်ရှေ့တွင် ဖောင်တိန်နှင့် အသင့် ချထားသည်။ စန်းမောင်က စဉ်းစားလို့ရဟန်နှင့် ပြုံးလျက် –

*ဂန္ဓမာတောင်၊ စံသာခေါင်၊ လျှံဖြာ ပြောင်တင့်၊ အေးတလူလူ၊ မွှေးကြူကြူနှင့်၊ ဖွေးဖြူဖြူ ပွင့်ပါတဲ့၊ ခိုင်ပန်းဆင့် မဥ္ဇူလို၊ ကြည်သသူ နတ်တစ်နှုန်းငယ်ကြောင့်၊ သူအပူ ပြတ်မတုံးနိုင်လို့၊ ဓာတ်လုံးကုန် ကျင်းလိုက်ရပါတော့မယ် ...*

*ညီးအဝါ၊ မီးကမ္ဘာ သချော်ပြိုင်တော့၊ ယှဉ်ပေနိုင်ဘူး။ သဲတစ်ခို မည်းအညို လောင်တောက်လို့၊ ခေါင်ရောက်အောင် ပူပါလှတယ်၊ ရှေးကထက်ထူး။*

mgyoe.com

mgyoe.com

စန်းမောင် ကြိုးစားပမ်းစား ရေးနေသည်ကို ခဏစောင့်ပြီးမှ မောင်မောင်က ငုံ့ကြည့်လိုက်ရာ အထက်ပါအတိုင်း တွေ့ရသဖြင့်–

"ဟာကွာ ... ကဗျာ လင်္ကာတွေနဲ့၊ မင်းဟာက ရှေးဆန်လှတယ်"

"မင်းက ဒါဘာမှတ်သလဲ၊ ရှေးမင်းတုန်းမင်းတရားကြီး လက်ထက်က ရတနာပုံနေပြည်တော် သတင်းစာဆရာကြီး ဘိုးဝဇီရရေးတဲ့ ချစ်မေတ္တာ မှာတမ်းကွ"

"ဒီခေတ်နဲ့ မဟန်ပါဘူးကွာ။ စာ ဘယ်လောက်ကောင်းကောင်း နားလည်လွယ်ဖို့ အရေးကြီးတယ်"

"အနို့ ... မင်းက ဘယ်လို ရေးပေးစေချင်တာလဲ"

"ငါ့စိတ်ထဲမှာ သူ့ကို စတွေ့ပုံ၊ အကဲခတ်မိပုံ၊ မေတ္တာစိတ်ဝင်လာပုံ၊ အဲ့ဒါတွေကို ငါနားလည်သလို၊ ငါပြောတတ်သလို ပြောပြမယ်။ မင်းက စာချောအောင် ရိုးရိုးလွယ်လွယ်နဲ့ ရေးပေါ့"

မောင်မောင်က မစိန်သန်းနှင့် တွေ့ရသည်မှစ၍ သူ့ထင်မြင်ချက်များကိုပြောပြသည်။ စန်းမောင်က စာချောအောင် ရေးပေးသဖြင့် ကိစ္စပြီး သွားကြ၏။ မောင်မောင်၏ ကတိအတိုင်း ဆူးလေဘုရားလမ်း ဘား ရှိရာသို့ ဘရန်ဒီများ အတော်ကြီးထွေအောင်သောက်ပြီး ညနေ ၆ နာရီကျမှ လူချင်းခွဲ လိုက်ကြ၏။

"ဟေ့ ... မောင်မောင်၊ ကနေ့ ဘယ်ခေါ်ပြီး ဆပ်ပလိုင်းလုပ်မလဲ။ မင်း ဝမ်းသာစရာတော့ ပါလာပြီကွ"

နောက်တစ်နေ့ ညနေ ကိုစန်းတင်က တွေ့လျှင်တွေ့ချင်း စတင် ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ယမန်နေ့က စန်းမောင်ရေးပေးသောစာကို မောင်မောင်က သူ့လက်ရေးနှင့်ကူးပြီးလျှင် ကိုစန်းတင် ရုံးမသွားခင် မစိန်သန်းလက်ထဲ ထည့်ရန် ပေးအပ်လိုက်၏။ ကိုစန်းတင် ရုံးအပြန် ၄၉ လမ်း နေအိမ်တွင် မောင်မောင် စောင့်နေခြင်း ဖြစ်သည်။

"ငါ ရုံးရောက်လို့ ခဏကြာရင် မင်းစာကို ခေါ်ပေးလိုက်တာပဲ၊ နောက် ရုံးဆင်းကြတော့ သူက ဒီစာကို မင်းကို ပေးပါတဲ့"

"ကော်ပြီ ... ကော်ပြီ၊ ကျွန်တော်မှ ဖိုးကော်အစစ်၊ မောင်မောင်တို့များ

mgyoe.com

mgyoe.com

မိန်းမနဲ့မတွေ့တော့ မတွေ့ ... မတွေ့နဲ့၊ တွေ့မဲ့ တွေ့တော့ မြန်လိုက်တာ"

"နေပါဦးကွာ၊ အိမ်ကျမှ ဖတ်တာပေါ့"

"ဟာဗျာ ... ဖတ်ချင်လှပါပြီ၊ ဈေးကိုင်မနေပါနဲ့"

ကိုစန်းတင်က မစိန်သိန်း၏ စာအိတ်ကို မောင်မောင်၏ လက်ထဲသို့ ထည့်လိုက်ရာ မောင်မောင်မှာ သိန်းထီပေါက်သူ မျက်နှာကဲ့သို့ ရွှင်ပျစွာ ဖောက်၍ဖတ်နေ၏။

*ကိုမောင်မောင်ရှင့် ...*

*ယနေ့ ရုံးဝန်ထောက် အစ်ကိုကြီးမှတစ်ဆင့် ပေးလိုက်သည့် ချစ်မေတ္တာလွှာကို ဖတ်ရှုရသဖြင့် ကျေးဇူးတင်ပါသည်။ တကယ် သန့်စင်သော ချစ်မေတ္တာနှင့် ပေးခြင်းဟုလည်း ယုံကြည်ပါသည်။ အစ်ကိုကြီးကလည်း ကိုမောင်မောင့်အကြောင်း အကုန်ပြောပြဖူး သဖြင့် သာ၍လေးစားခဲ့ပါသည်။ ကိုမောင်မောင်ကဲ့သို့ ခေတ် ပညာတတ် သူဌေးသားတစ်ယောက်၏မေတ္တာကို ငြင်းပယ်က အလွန် ညံ့ဖျင်းမိုက်အရာ ကျပါမည်။ သို့ရာတွင် –*

သို့ရာတွင် ... ဟူသော အပိုဒ်သို့ရောက်သောအခါ မောင်မောင် မျက်လုံးပြူးသွားသည်။ မျက်လုံးပြူးရာမှ မျက်လုံးမှိတ်ပြီးလျှင် မိခင်၊ အဒေါ်တို့ ရှိနေသေး၍ လူကြီးများနှင့် တိုင်ပင်ပါရစေ စသော စကားများ ဖြစ်လေမလားဟု ဆက်လက် ဖတ်ရှုပြန်၏။

*သို့ရာတွင် ကျွန်မမှာ ကျောင်းနေဖက် ငယ်သူငယ်ချင်းတစ် ယောက်နှင့် ကလေးဘဝမှ အချိန်အရွယ်ရောက်လာသည်အထိ ချစ်ခင်လာခဲ့ကြပါသည်။ တစ်နေ့တွင် သူနှင့် လက်ထပ်ပေါင်း သင်းမည်ဟု ကတိကဝတ် ထားခဲ့ကြ၏။ သည်လို ချစ်သူရှိပြီးဖြစ် နေသည့်အတွက် ကိုမောင်မောင်၏ အချစ်ကို လက်မခံနိုင်သည်ကို ခွင့်လွှတ်ရန် တောင်းပန်ပါသည်။*

*စိန်သန်း*

မောင်မောင်သည် သူထိုင်နေသော ကုလားထိုင်ပုပေါ်မှ ပက်လက် လန်သွားကာ ဟင်းခနဲ သက်ပြင်းရှူလိုက်၏။ ကိုစန်းတင်က မောင်မောင့်

mgyoe.com

mgyoe.com

လက်ထဲမှစာကို ဖတ်ရှုကြည့်ပြီးနောက်–

"အေးကွာ ...၊ သူကလည်း အကြောင်းမဲ့ ငြင်းဆန်ရှာတာမှ မဟုတ်ဘဲ"

"ကျွန်တော် အသည်းစွဲချစ်မိပြီးမှ ဒီအကြောင်းကို သိရတာ နာတာပါပဲဗျာ၊ ဒါပေမဲ့ ရိုးရိုးချစ်တယ်လို့ ယုံကြည်တော့ တော်ပါသေးရဲ့"

"ငါကလည်း မင်းအကြောင်း အတော်သယ်ပြောထားတာပဲကွ"

"ကဲဗျာ ... ကျွန်တော့် ကတိအတိုင်း သွားကြစို့"

"ငါက နောက်တာပါကွယ့်၊ နေပါ့စေ"

"မဟုတ်တာဗျာ၊ အဲဒီမှာလည်း ဆက်လက်ဆွေးနွေးချင်သေးတယ်"

မောင်မောင်က အတင်းခေါ်သဖြင့် ကိုစန်းတင်လည်း သွားနေကျ ဟိုတယ်သို့ လိုက်ပါသွားရ၏။ သောက်နေကျ ဝီစကီ၊ ဘီယာများ သောက်လိုက် စကားပြောလိုက် ဖြစ်နေကြသည်။

"ဒီလို ... ကိုစန်းတင်၊ ကျွန်တော်နဲ့ မချစ်ရပေမဲ့ သူနဲ့ချစ်တဲ့သူဆိုတာ သူ့ကို တကယ် ကြံစည်တာလား၊ သူ့ကို မလိမ့်တပတ်နဲ့ ပစ်ထားတာလား ဆိုတာ စုံစမ်းချင်တယ်"

"မစိန်သန်း စာထဲမှာ ပါသားပဲ၊ ကလေးဘဝက ကျောင်းနေဖက်ဆိုတော့ သူနဲ့မပူးတွဲတဲ့ ဒို့ပြင်ကျောင်းနေဖက်တွေ စုံစမ်းရင် သိနိုင်တာပေါ့"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ဒီအချိန်ဆိုရင် သူတို့ ကျောင်းနေဖက်တွေဟာ အသက် ၂၀ ကျော်တွေမို့ တချို့ ရန်ကုန်နဲ့ အဆက်အသွယ်ရှိမယ်။ တချို့ တက္ကသိုလ်မှာ ရှိကြလိမ့်မယ် ထင်တယ်"

"သူတို့မြို့က မင်းနဲ့သိတဲ့ တက္ကသိုလ်ကျောင်းသား တစ်ဦးတလေမှ မရှိဘူးလား"

ကိုစန်းတင်က မေးလိုက်သောအခါ မြောက်မြားစွာသော မိတ်ဆွေကျောင်းသားတွေထဲမှ မစိန်သန်းမြို့က ကျောင်းသားများကို အတန်ကြာစဉ်းစားနေသည်။ အတန်ကြာမှ –

"တစ်ယောက် တွေးမိပြီဗျို့၊ သန်းထိုက်ဆိုတဲ့ကောင် ကျွန်တော်နဲ့ အလွန်ချစ်တာပေါ့။ ကျွန်တော်က နိုင်ငံရေးဝါသနာမပါဘူး၊ သူကနိုင်ငံရေး အလွန်ထက်သန်တယ်။ ဒါပေမဲ့ ကျွန်တော်နဲ့တော့ အလွန် ချစ်ခင်ခဲ့ကြတာပဲ"

mgyoe.com

"လူပုံပန်း ပြောစမ်းပါဦး၊ မစိန်သန်း ချစ်ခင်လောက်အောင် ရုပ်သန့်ရဲ့လား"

"သူ့ပုံပန်းကတော့ အရပ် ၅ ပေ ၈ လက်မလောက်၊ ထောင်ထောင်မောင်းမောင်း၊ နှာတံပေါ်၊ စူးရှကြည်လင်တဲ့ မျက်လုံးရှိတယ်၊ မေးရိုးနှစ်ခွယောင်နဲ့ သတ္တိလည်း ကောင်းတယ်"

"ဟာ ... ငါလည်း မြင်ဖူးသားပဲ၊ လူချင်းသာ မကျွမ်းတာကိုးကွ"

"ဒီလိုဗျ၊ သူတို့မြို့ကို ကေအင်ဒီအိုတွေစီးတော့ သူ့မိဘနဲ့ ငွေကြေးအဆက်ပြတ်သွားတယ်။ ဒီအခါ ကျွန်တော်က သူငယ်ချင်း ဘာမှအားမနာနဲ့ ဆိုပြီး လိုလေသေးမရှိ ကူညီခဲ့ရာက ပိုပြီး ခင်သွားတာပဲ"

"အနို့ ... သူက စာဆက်သင်တုန်းပဲလား"

"မဟုတ်ဘူး ... တောခိုသွားတယ်၊ ဒီကောင်နဲ့ ဖြစ်ရမှာပဲ။ ပိုပြီးသေချာအောင် ဒိုပြင်ကျောင်းသားတစ်ယောက် ရှိသေးတယ်။ အဲဒီကျောင်းသားကလည်း သူတို့မြို့မှာ မက်ထရစ်အောင်တဲ့အထိ အတူတူ နေလာကြတာတဲ့"

"ဒါဖြင့် သဲလွန်စလိုက်ဖို့ မခဲယဉ်းတော့ဘူးပေါ့"

"သန်းထိုက်နဲ့ချစ်နေတာ အမှန်ဖြစ်ရင် ကျွန်တော်က သစ္စာမဖောက်သင့်ဘူး။ မစိန်သန်းကို စောင့်ရှောက်ဖို့ ဝတ္တရားတောင် ရှိလာပြန်တယ်"

"မင်းစိတ်ထားကို ငါ ချီးကျူးပါတယ်ကွယ်"

"တစ်ဦးက သူ့ရည်ရွယ်ချက်နဲ့ တောခိုနေတုန်း ကျွန်တော်က တောခိုသူငယ်ချင်းရဲ့ ချစ်သူကို တစ်ဖက်လှည့် ကြံရင် ယုတ်မာရာကျမှာပေါ့"

"အေး ... အဲဒါကတော့ ဟုတ်ပါပြီ၊ တောခိုရဲခေါင် ကျောင်းသားဆိုတာက တောထဲအိပ်နေတာ မဟုတ်ဘူး။ ရဲဘော်ဖြူနဲ့ဖြစ်ဖြစ်၊ ကွန်မြူနစ်နဲ့ဖြစ်ဖြစ် သူတို့အချင်းချင်း ပူးပေါင်းပြီး အစိုးရတပ်မတော်ကို ခုခံတိုက်ခိုက်နေတယ် မဟုတ်လား"

"ဒါတော့ ကျွန်တော်သိတယ်။ ၁၄ မူ၊ ၁၅ မူနဲ့ ကွဲလွဲကြပြီး ဖဆပလအစိုးရကိုဖြုတ်ချရအောင်လို့ တောခိုကြတာပဲ၊ သူသေ ငါသေ တိုက်ကြမှာ

mgyoe.com

mgyoe.com

ပေါ့"

"တိုက်ပွဲမှာ သန်းထိုက် ကျဆုံးသွားရင်ကော..."

မောင်မောင် ငိုင်၍ သွားပြန်သည်။ သူငယ်ချင်းချစ် ကျဆုံးသွားမှာကို ငြူမလိုလားချေ။ သူငယ်ချင်း ကျဆုံးသွားလျှင် သူက သိမ်းပိုက်မည်ဟူသော စကားကိုပင် မပြောရက်အောင် ဖြစ်နေသည်။

"မင်းကို ငါအကြံပေးချင်တာက ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို သန်းထိုက် ကျဆုံးသွားကြောင်း အသေအချာ သိရှိပါက မစိန်သန်းက မင်းအား ချစ်ခွင့်ပြုပါမဲ့အကြောင်း တင်ကူးပြီး မေးထားပါလား"

"မစိန်သန်းက သန်းထိုက်ကို အတော်ချစ်ပုံရတော့ ကျွန်တော်ဖြင့် စကားဦးသန်းပြီး မမေးရက်အောင် ဖြစ်နေပါတယ်"

"ပြီးတော့ သန်းထိုက်နဲ့ မစိန်သန်း ချစ်ခဲ့၊ မချစ်ခဲ့လည်း အရင် စုံစမ်းဖို့ လိုလိမ့်မယ်"

"ဟုတ်ကဲ့ ... ဒါကို ကျွန်တော် စဉ်းစားနေတာပဲ၊ နက်ဖြန် စုံစမ်းမယ်။ အဲဒီလူက ဘီအေအောင်လို့ လောတက်နေတယ်"

နှစ်ယောက်သား ချစ်ရေးကိစ္စ တိုင်ပင်ပြီးနောက် မောင်မောင်က ကိုစန်းတင်အား ၄၉ လမ်းသို့ လိုက်ပို့ပေးကာ ပန်းဆိုးတန်းသို့ ပြန်ခဲ့၏။

နောက်တစ်နေ့ မောင်မောင်သွားရောက်စုံစမ်းသောအခါ ထိုမိတ်ဆွေက သူတို့မြို့တွင် သန်းထိုက်က ၉ နှစ်၊ မစိန်သန်းက ၆ နှစ်ရွယ်ကတည်းက ကျောင်းတွင် တပူးတွဲတွဲ နေပုံများကို ပြောရုံမက အရွယ်ရောက်လာသောအခါ လူကြီးချင်းကလည်း ပစ္စည်းဥစ္စာ ကြွယ်ဝသူချည်းဖြစ်၍ သဘောတူခဲ့ပုံများပါ ပြောပြသည်။ မောင်မောင်မှာကား သူကိုယ်တိုင်က နိုင်ငံရေးဝါသနာပါသူ မဟုတ်သဖြင့် နိုင်ငံရေးသည် ပထမ၊ အချစ်သည် ဒုတိယဟု သန်းထိုက် တစ်ကြိမ်က ပြောဖူးသည်ကို နားမလည်အောင် ဖြစ်ခဲ့ရဖူးသည်။

"မစိန်သန်း ကျုပ်သူငယ်ချင်းသန်းထိုက်ဟာ မစိန်သန်းတို့နဲ့ တစ်မြို့တည်းလို့ ပြောဖူးပါတယ်။ အခု သူဘယ်ရောက်နေသလဲ"

နောက်တစ်နေ့ ရုံးအားလပ်ချိန် စားသောက်နေကျ ရက်စတောရင့်၌ မောင်မောင် စတင် မေးမြန်းလိုက်ရာ မစိန်သန်း မသိမသာ မျက်နှာပျက်

mgyoe.com

mgyoe.com

သွားပြီးမှ –

"ဟုတ်ကဲ့ ... တစ်မြို့တည်းပါပဲ၊ အခု ဘယ်ရောက်နေတယ်ဆိုတာ မသိပါဘူးရှင်"

မောင်မောင်ပင် သန်းထိုက် တောခိုသွားကြောင်းသိပြီးဖြစ်ရာ မစိန်သန်းက မောင်မောင်ထက် ပို၍ သိရှိမည်ဖြစ်၏။ မပြောလိုသဖြင့် စကား မတင်မကျ လုပ်နေသောကြောင့် သန်းထိုက်အကြောင်း မဆက်တော့ဘဲ ခင်လှမြင့်နှင့် မူမူနွဲ့ကိုသာ နောက်ပြောင်နေတော့သည်။

"မခင်လှမြင့် ပွန်းပြတ်ပြတ်တယ်ဆိုတာ နားလည်သလား"

"ပိုက်ဆံတွေ အများကြီးသုံးပြီး တတိတိနဲ့ ပြတ်တာကို ပြောတာ ပေါ့ရှင့်၊ အဆန်းလုပ် မေးနေရသေးတယ်"

"ဒီပြင် အဓိပ္ပာယ်တစ်မျိုး ရှိသေးလို့ပေါ့ဗျ။ အဲလေ ... မခင်လှမြင့်က အပျိုဆိုတော့ ဘယ်နားလည်မလဲ၊ ကျုပ်လည်း ကိုစန်းတင်ပြောလို့ 'ပွန်းပြတ် ပြတ်တယ်'ဆိုတာ နားလည်တာပါပဲ။ ကိုယ်တိုင်တော့ ..."

"ဟော့ ... မောင်မောင် ဘာတွေလျှောက်ပြောနေတာလဲ"

"ခင်ဗျားပြောဖူးတာလေ၊ ကျွန်တော်ကိုယ်တိုင် မသိဘူးဆိုတာ ခင်ဗျား သိသားပဲ"

မိန်းကလေးများက ထိုစကားများ၏ အဓိပ္ပာယ်ကို တစ်ယောက်မျှ နားလည်ဟန်မတူ။ တစ်ကြိမ်က ကိုစန်းတင်ကိုယ်တိုင် တကယ် နောက်ပြောင်ပြောဖူးသဖြင့် ကိုစန်းတင် မျက်နှာပျက်ကာ –

"တော်စမ်း ... မောင်မောင်ရာ"ဟု ပခုံးကိုပုတ်လိုက်၏။ ထိုသို့ပြောလျက်နှင့်ပင် ထပ်၍ မောင်မောင်က ပြုံးညည်း ညည်းကာ –

"သြော် ... သခ်ါရ၊ သခ်ါရ၊ လူပျို အပျို မည်သူမဆို တစ်နေ့တွင် ပွန်းပြတ် ပြတ်ကြဦးမှာပါတကား"

ထိုအတွင်း ဘီလ်ကုလား လာသဖြင့် ဝတ္တရားအတိုင်း မောင်မောင်က ငွေများရှင်းပေးခဲ့ကာ ရုံးပေါက်အရောက် သူ့ကားနှင့်လိုက်၍ ပို့ခဲ့သည်။

■

mgyoe.com

mgyoe.com

# အခန်း (၄)

ထိုနေ့ည ၇ နာရီခွဲခန့်တွင် မစိန်သန်းသည် ရုံးမှယူဆောင်ခဲ့သော သတင်းစာတစ်စောင်ကို ဖတ်ရှုနေ၏။ သူ့ကိုယ်ပိုင် သတင်းစာတစ်စောင်သာ ရှိ၏။ ထိုသတင်းစာ တစ်စောင်ကိုလည်း အိမ်မှုဗာဟီရကြောင့် ခေါင်းစဉ်လောက်သာ ကြည့်ပြီးလျှင် အရေးကြီးသော သတင်းလောက်သာ ဖတ်နိုင်၏။ ရုံးဆင်းပြန်ရောက်မှသာ အိမ်ကသတင်းစာရော ရုံးကသတင်းစာကိုပါ စိတ်ချလက်ချ အေးအေးဆေးဆေး ဖတ်ရှုနိုင်တော့သည်။

ရန်ကုန်သို့ ပြောင်းရွှေ့လာ၍ သူတို့နေသောနေရာမှာ အတွင်းဝန်ရုံးနှင့် နီးအောင်ဟု ဘရွတ်ကင်းလမ်း နှစ်ထပ်တိုက် တစ်ထပ်လေးခန်းစီတွင် အပေါ်ထပ်၏ မြောက်ဘက်အစွန်ခန်းကို ငှားရမ်းနေထိုင်ကြသည်။ ထိုလမ်းထိပ်မှ ဒါလ်ဟိုဇီလမ်း ဖြတ်ကူးလျှင် အတွင်းဝန်ရုံးဘက်သို့ရောက်၏။ တောင်ဘက် ကုန်သည်လမ်းသို့လာလျှင် ဗိုလ်ကလေးဈေးရှိရာ စားသောက်ရေးအတွက်လည်း ဈေးအနီးရှိနေသဖြင့် အတော်သဘောကျနေကြ၏။ မိခင် ဒေါ်စိန်မြိုင်နှင့် ဒေါ်စိန်မြိုင်၏ ညီမအရင်း ဒေါ်စိန်လှိုင် ပေါင်းမိန်းမသုံးယောက်သာ ရှိကြ၏။

မစိန်သန်း၏ ဧည့်ခန်းတွင် ထည်ထည်ဝါဝါ မဟုတ်၊ မတ်တတ်ကုလားထိုင် ခြောက်လုံးနှင့် လေးထောင့်စားပွဲတစ်လုံးသာရှိ၏။ ပက်လက်ကုလားထိုင် လေးလုံးရှိသည်။ သူက ပက်လက်ကုလားထိုင်တစ်လုံးနှင့် သတင်းစာဖတ်ရှုနေ၍ မိန်းမကြီးနှစ်ယောက်က ဇရန်တာဘက် ကြမ်းပြင်ချောတွင် ဆေးပေါ့လိပ်ကြီးများ ရှူဖွာကြကာ စကားပြောနေကြသည်။

mgyoe.com

mgyoe.com

သတင်းစာ နှစ်စောင်စလုံးမှာပင် ကွန်မြူနစ်စားပြများဟု ခေါင်းတပ်လျက် စားပြတိုက်ပုံဖော်ပြ၏။ စားပြအတိုက်ခံသူမှာ မြို့ရွာက ချစ်ခင်သော ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ကြောင်းလည်းပါလာ၏။

ထိုသတင်း ဖတ်ရှုပြီးသောအခါ သူ၏ဖခင်အကြောင်းကို ပြန်လှန်တွေးတောနေ၏။ သူ၏ဖခင်မှာ မြို့မျက်နှာဖုံး၊ မြို့ရွာက ချစ်ခင်လေးစားသောပုဂ္ဂိုလ်ဖြစ်သည်။ သို့ရာတွင် စားပြမဟုတ်ဘဲ ဖဆပလ အပြုတ်ချမည်ဆိုသည့် သောင်းကျန်းသူတို့က သူ၏ဖခင်အား ရက်ရက်စက်စက်သတ်ဖြတ်၍ သူတို့ပိုင် တိုက်တာအိမ်ရာ၊ ဆန်စက်ရုံကြီး၊ ဂိုဒေါင်ကြီးများပါမီးတင်ရှို့သွား၏။ သူနှင့်မိခင်၊ အဒေါ်သာ ဖခင်ကြီးနှင့် လူဆိုးများ ဗလုံးဗထွေး ဖြစ်နေစဉ် အိမ်နောက်ဖေးသို့ ထွက်ပြေးလာကြ၍ လွတ်မြောက်ခဲ့ကြခြင်း ဖြစ်သည်။

မိဘစုံလင်စွာနှင့်နေထိုင်ခဲ့ကြစဉ်က သူတို့အိမ်တွင် မြန်မာ သတင်းစာငါးစောင်၊ အင်္ဂလိပ်သတင်းစာတစ်စောင် ရန်ကုန်မှ မှာယူကြည့်ခဲ့၏။ အခြားထွက်သမျှ စာနယ်ဇင်းများကိုလည်း မှာယူဖတ်ရှုခဲ့သည်။ ဝတ္ထုစာအုပ်စာတမ်းလည်း အလွတ်မရှိခဲ့ပေ။ သတင်းစာများကို ရောက်ရှိ၍ သူတို့အိမ်က ဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် စာကြည့်တိုက်သို့ လှူခဲ့၏။ စာနယ်ဇင်းနှင့်ဝတ္ထု စာအုပ်စာတမ်းများလည်း ထို့အတူ ပို့လှူခဲ့သူဖြစ်၏။

သူကိုယ်တိုင်က မြို့၏ အမျိုးသမီးအဖွဲ့တွင် အတွင်းရေးမှူးလုပ်ခဲ့သည်။ အမျိုးသမီးအဖွဲ့ကား ပါတီနိုင်ငံရေးနှင့် မပတ်သက်။ မြို့ရေး၊ရပ်ရေး၊ ကျန်းမာရေး၊ ပညာဗဟုသုတ တိုးပွားရေးနှင့်ကလေးသူငယ်စောင့်ရှောက်ရေးများတို့ကိုသာ ဆောင်ရွက်ခဲ့သည်။

သူ၏ဖခင်ကြီးမှာလည်း ထို့အတူပင်။ ပါတီရေးမဟုတ်ဘဲ မြို့ရေး၊ ရပ်ရေးကိုသာ ရှေ့က မားမားမတ်မတ် ငွေကုန်ကြေးကျခံကာ ဆောင်ရွက်ခဲ့၏။ ဆိုရှယ်လစ်က အကူအညီလိုလျှင် မငြင်းဆန်။ ဖဆပလအဖွဲ့က အကူအညီတောင်းလျှင် ကောင်းကောင်းကြီး ကူညီခဲ့ဖူး၏။ သူ့ဖခင်သဘောက မည်သူနှင့်မျှ မဆန့်ကျင်လို။ သို့စဉ်လျက် ရက်စက်စွာ အသတ်ခံခဲ့ရ၏။

အကယ်၍သာ သူ၏ဖခင် အသတ်မခံခဲ့ရပါက သူ ယခုဖတ်ရှုနေ

mgyoe.com

mgyoe.com

သော ကွန်မြူနစ်က စားပြတိုက်ခြင်းဟူသော သတင်းကို ယုံကြည်မည် မဟုတ်ပေ။ ဘာ့ကြောင့် စားပြတိုက်ရသနည်း။ ကိုယ်ကျိုးအတွက်လော၊ ကွန်မြူနစ်ပါတီ ငွေအင်အားတောင့်ရန် အတွက်လော၊ သည်ဟာကိုတော့ သူ မဝေခွဲတတ်ပေ။

ကေအင်ဒီအို ကရင်သောင်းကျန်းသူတွေက ကရင်တစ်သက် ဗမာ ဆယ်သက်ဆိုပြီး ပစ္စည်းယူ၊ လူသတ်လုပ်နေကြပုံကိုကား မစိန်သန်း နား လည်ခဲ့သည်။ စစ်ဘက်အရာရှိ မောရစ်ဆင်ဆိုသူက စာတစ်အုပ်ရေးပြီး လန်ဒန်မြို့ ဘလက်ကီစာအုပ်ကုမ္ပဏီမှ ရိုက်နှိပ်ကာ ကမ္ဘာသို့ဖြန့်ချိခဲ့သည်။

ထိုစာအုပ်၏အမည်မှာ "ဘိုးဘိုးခြေတံရှည်" အင်္ဂလိပ်ဘာသာဖြင့် "ဂရင်းဖားသားလောင်းလိဂ်"ဟူ၍ ဖြစ်၏။ အရပ် ၆ ပေ ၄ လက်မခန့်မြင့် သော မေဂျာဆီးဂရင်း ဆိုသူ၏ အတ္ထုပ္ပတ္တိကို ရေးထားခြင်း ဖြစ်သည်။ ကရင်နှင့်မြန်မာ သွေးကွဲအောင် ဟုတ်တာရော မဟုတ်တာရော ရောနှောကာ ကရင်တွေကို မြှောက်ပေးခြင်း ဖြစ်၏။

အင်္ဂလိပ်စာ ခေတ်ပညာတတ် မည်သည့်ကရင်မဆို ထိုစာအုပ်ကို ဖတ်ရှုမိက မြန်မာတွေအပေါ် အထူးစိတ်နာကြမည်ဖြစ်၏။ ထို့ကြောင့်လည်း ၁၉၄၉ ခုနှစ်ဆန်းက ကရင်သူပုန်ထရာတွင် ခေတ်ပညာတတ် ကရင် ယောကျ်ား၊ မိန်းမပျို–အို အမြောက်အမြား ပါဝင်သွားကြခြင်း ဖြစ်သည်ဟု နားလည်ခဲ့သည်။

ယခုတော့ မြန်မာအချင်းချင်း ကောင်းရောင်းကောင်းဝယ် လုပ်စား သူများထံမှ စားပြတိုက်၊ လူသတ် လုပ်နေကြသည်။ မိခင်ကြီး ဒေါ်စိန်မြိုင် နှင့် အဒေါ် ဒေါ်စိန်လှိုင်မှာ ယခုထက်တိုင် ဝုန်းဝုန်းဒိုင်းဒိုင်းဆိုလျှင် ကယောင်ချောက်ချား ဖြစ်နေကြသေးသည်။ ယခု နေရာသည် အလွန်ဆော ကင်းပါသည်ဟု ပြောပြထားမှ နှလုံးငြိမ်စ ပျိုးလာကြရာခြင်း ဖြစ်သည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

မစိန်သန်း အတွေးနယ်ချဲ့နေခိုက် အပြင်မှ တံခါးခေါက်သံဖြစ်၏။ မစိန်သန်းကတော့ သတင်းစာနှင့် အတွေးနယ်တွင် အာရုံစိုက်နေသဖြင့် တံခါးခေါက်သံကိုပင် ဂရုမပြုမိ။ ဒေါ်စိန်လှိုင်က ဝရန်တာမှ ထ၍လာကာ

mgyoe.com

mgyoe.com

လှေကားထိပ်ရှိ လျှပ်စစ်မီးသီးခလုတ်ကို အတွင်းဘက်မှ နှိပ်လိုက်၏။ ပြီးမှ ချောင်းကြည့်ပေါက်သို့ သွားကာကြည့်လိုက်ရာ အသက် (၂၄–၅)နှစ် ခန့် လူရွယ်သုံးယောက် ပတ်ဝန်းကျင်တွင် ဝတ်ကောင်းစားလှနှင့် မြင်ရ သည်။

"ဘာကိစ္စပါလဲ မောင်ရင်တို့"

"ဦးသိန်းဆန်းက စာတစ်စောင် အပေးခိုင်းလိုက်လို့ပါ ခင်ဗျား"

ဒေါ်စိန်လှိုင် တံခါးမဆီသို့ ပြန်လာကာ ဖွင့်၍ပေးလိုက်၏။ ဦးသိန်းဆန်းမှာ သူ့အစ်မအရင်း၏မတ်၊ တောမြို့ ပြန်သွားသူဖြစ်၍ သူတို့နှင့် အဆက်အသွယ်ရှိခဲ့သဖြင့် အဟုတ်ထင်ကာ ဖွင့်ပေးမိတော့ရာ–

"မအော်နဲ့"ဟု ခြောက်လုံးပြူးနဲ့ ချိန်ထိုးမှ လူဆိုးမှန်း သိရတော့ သည်။

"အသက်တော့ ချမ်းသာပေးပါ မောင်တို့ရယ်၊ လိုချင်တာပြောပါ"

"ခင်ဗျားတို့မှာရှိတဲ့ စိန်၊ ရွှေ နှစ်သောင်းငါးထောင်ဖိုး အလှူခံဖို့ လာတာပါပဲ။ အပြီးအပိုင်ယူတာ မဟုတ်ပါဘူး၊ တစ်နေ့ ပြန်ပေးပါ့မယ်"

လူဆိုးများနှင့် ဒေါ်စိန်လှိုင် အပြန်အလှန် ပြောဆိုနေခြင်းဖြစ်ရာ မစိန်သန်းက သူ့မျက်နှာကို သတင်းစာနှင့် ကွယ်ထားလျက် –

"ဩော် ... လက်စသတ်တော့ တကယ့် အာဇာနည် သတ္တိတွေပါ လား၊ မိန်းမသား သုံးယောက်နေတဲ့အိမ် အနုကြမ်းလာစီးကြတာကိုး"

အသံခပ်အုပ်အုပ်နှင့် ပြောလိုက်ရာ လူရွယ်တစ်ယောက်က တစ်စုံ တစ်ရာလုပ်မည့်ဟန်နှင့် ရှေ့သို့အတိုးလိုက် အခြားအရပ်မြင့်မြင့် လူဆိုး တစ်ယောက်က ဆွဲ၍ထားလိုက်သည်။ မစိန်သန်းကပင် –

"ရန်ကုန်မြို့ကြီးမှာ သိန်းပေါင်းများစွာ ကုဋေကုဋာ ကြွယ်ဝတဲ့ လူမျိုးခြား တရုတ်၊ ကုလားတွေတော့ မတိုက်ဝံ့ကြဘူး"

မစိန်သန်းသည် ထိုသို့ပြောပြီးလျှင် မျက်နှာကိုကွယ်ထားသော သတင်းစာကို ဖယ်လိုက်၏။ လူရွယ်သုံးယောက်အနက် မီးခိုးရောင် ဘောင်းဘီရှည်၊ ရှပ်ဖြူလက်ရှည်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့် လူရွယ်ကို ကြာကြာမကြည့်ရ၊ ခဏမျှနှင့် သူဘယ်သူဟုသိနေပါပြီ။ ဝမ်းနည်း လှိုက်လှဲ သောအသံနှင့် –

mgyoe.com

mgyoe.com

"ဪ ... အစ်ကိုသန်းကိုး၊ အစိန် တစ်သက်လုံး အားကိုးရမယ့် ဓာတ်သိအစ်ကိုသန်းက ကိန်းသေချပြီး ဒီကိုလာကြတာကိုး"

အခြားလူရွယ်နှစ်ယောက်သည် နားမလည်သည့်အမူအရာနှင့် မစိန်သန်းမျက်နှာတစ်လှည့် ၊သူတို့အဖော်အားတစ်လှည့် ကြည့်ရှုနေကြသည်။

"အိုင်အင်းမ် ဆိုး ဆောရီး အစိန်"

"ဝမ်းနည်းမနေပါနဲ့တော့ အစ်ကိုသန်းရယ်။ အစ်ကိုသန်းကသာ လိုချင်တယ်ဆိုရင် ခုလို ခြိမ်းခြောက်မနေရပါဘူး၊ အစိန် အလွယ်တကူ ထုတ်ပေးပါ့မယ်"

"အစ်ကိုသန်း ဒီအခန်း အစိန်တို့အခန်းမှန်း မသိပါဘူး၊ ဦးသိန်းဆန်း ဆိုတာ ဘယ်သူလဲမေးတော့ ဒီပြင်မြို့ကလို့ ပြောလို့ပါ။ အစ်ကိုတို့မြို့က ဆိုရင် ဒီလို မဖြစ်စေရပါဘူး"

"ပါတီရန်ပုံငွေလိုနေလို့ ဓားပြတိုက်နေရသလား"

"ဒါတော့ မှန်တယ်၊ နို့ပေမဲ့ အစိန်တို့မှန်းသိရင် ဒီကိုမလာပါဘူး"

"အစ်ကိုသန်းမှာ တာဝန်ရှိရင် ယူသွားကြပါလေ"

"မလိုပါဘူး ... မယူရက်ပါဘူး၊ လာဟေ့ ... ပြန်ကြမယ်"

အစ်ကိုသန်းဆိုသူသည် တပည့်နှစ်ယောက်အား ဆွဲခေါ်ကာ မစိန်သန်းအား "ဂွတ်နိုက်"ဟု ဆိုပြီး ထွက်ခွာသွားကြသည်။ မစိန်သန်း မျက်ရည်ဝိုင်း ကျန်ရစ်ရှာသည်ကိုကား မြင်မသွားကြတော့ပေ။

"အစိန်ရေ ခဏလာဦးဟေ့"

ဝရန်တာဘက်မှ ဒေါ်စိန်လှိုင်က ခေါ်လိုက်မှာ မိခင်ကြီးအား သတိရကာ ထ၍လာခဲ့၏။ မိခင်ကြီးမှာ ဝရန်တာကြမ်းပြင်ချောတွင် ပက်လက်ကလေး ဖြစ်နေသည်။

"မမ ... မေ့မြောနေတယ်အေ့၊ ခေါ်လို့လည်း မရဘူး"

"ဟင် ... ဟုတ်လား၊ ခုတင်ပေါ်တင်ပြီးမှ သတိရအောင် လုပ်ကြစို့။ ဒေါ်ဒေါ်က ခြေရင်းကထိုင်၊ ကျွန်မက ခေါင်းရင်းဘက်က ပွေ့ချီမယ်"

မှောင်ရိပ်ကျနေသဖြင့် မျက်နှာကိုကောင်းစွာမမြင်ရချေ။ မစိန်သန်း

mgyoe.com

mgyoe.com

သည် ပွေ့မချီသေးခင် –

"အနုကြမ်း အစီးခံရတယ်လို့ ဘယ်သူ့မှမပြောနဲ့နော်"

"တစ်ယောက်က သန်းထိုက် မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ သန်းထိုက် ငဲ့ညှာလို့မဟုတ်ဘူး၊ ပစ္စည်းမပါဘဲ စစ်လား၊ မေးလား၊ ရုံးလိုက်ရလားနဲ့ ဒေါ်ဒေါ်ပါ ကိစ္စများနေမှာစိုးလို့ပါ"

"ဒါဖြင့်လည်း မပြောပါဘူးအေ"

မစိန်သန်းသည် ဘေးသို့ကျနေသော မိခင်၏လက်မောင်း၊ လက်ဖျားများကို ရင်ဘတ်ပေါ်သို့တင်မည်ဟု အကိုင်လိုက်၊ အေးစက်နေသဖြင့် သေသေချာချာ စမ်းသပ်ကြည့်သောအခါ သွေးမတိုးတော့ပေ။ စိတ်ကို မချုပ်တည်းရှာနိုင်တော့ဘဲ –

"အမယ်လေး ...၊ အမေဆုံးပါပေါ့လား"ဟု အော်ဟစ်ငိုမိသည်။ ထိုအခါကျမှ ဒေါ်စိန်လှိုင်လည်း အစ်မ၏မျက်နှာကိုစမ်းသပ်ပြီးနောက် –

"အို ... မမရဲ့၊ ညီမတို့ကို ပစ်သွားပါပေါ့နော်"ဟု ငိုပြန်လေရာ –

အခန်းနီးများ ကူး၍လာကြသည်။ ဝရန်တာဘက်မှ မီးပွင့်ကို ဓာတ်သိ တစ်ယောက်က အတွင်းခလုတ် နှိပ်ဖွင့်လိုက်သောအခါ အသက် ၄၅ နှစ်ခန့် ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ ငယ်စဉ်က အတော်ချောခဲ့သည့် မိန်းမကြီး တစ်ယောက်၏ အလောင်းကို မြင်ကြရ၏။ မစိန်သန်းနှင့် ဒေါ်စိန်လှိုင်ကား ပဋ္ဌာမြေလူး ဖြစ်နေကြရှာသည်။

နောက်မှ မစိန်သန်း သတိရကာ အခန်းနီးထဲမှ လူကြီးတစ်ယောက် အား ဆိုက်ကားနှင့်သွား၍ ကိုစန်းတင်အား အကြောင်းကြားရန် လွှတ် လိုက်သည်။ နာရီဝက် အတွင်းမှာပင် တိုက်အောက်ထပ်၌ ကားတစ်စီး ရပ်သံကြားပြီး လှေကားမှ တက်လာကြသော ဖိနပ်သံများ ဆက်လက် ကြားရပြန်သည်။ အခန်းထဲသို့ အခေါ်လွှတ်သူနှင့် ကိုစန်းတင်၊ မောင်မောင် တို့ဖြစ်ရာ မစိန်သန်းမှာ ဘယ်သူ့ကိုမျှ အားကိုးမရှိ။ ကိုစန်းတင်မြင်လျှင်–

"အမယ်လေး ... မေမေ ရေတိမ်နစ်ပေါ့ အစ်ကိုကြီးရဲ့"ဟု ငိုရှာ ပြန်၏။ လူရွှတ် မောင်မောင်ပင် မစိန်သန်း ငိုယိုနေသည်ကို မြင်ရသော အခါ မျက်နှာပျက်သွား၏။ ကိုစန်းတင်က–

mgyoe.com

mgyoe.com

"မစိန်သန်း ငိုနေလို့ မပြီးသေးဘူး၊ အလောင်းပြင်ကြဦးမှ ဖြစ်မယ်"

"အစ်ကိုကြီးတို့ပဲ စီမံပေးကြပါတော့၊ ကျွန်မတို့တော့ ဘာမှ နားမလည်ဘူး"

"အို ... မမရဲ့၊ ကိုယ့်မြို့ကိုယ့်ရပ် ကိုယ့်ဆွေမျိုးတွေ အလယ်မှာဆိုရင် ဒီလိုမျက်နှာငယ်မှာ မဟုတ်ဘူးနော်"

ဒေါ်စိန်လှိုင်က ဖွဲ့နွဲ့ငိုကြွေးနေဆဲ ဖြစ်သည်။ ကိုစန်းတင်က –

"ကဲ ... မောင်ရင်တို့၊ အလောင်းကို ရေချိုးရအောင် ကူပြီး ကိုင်ပေးကြစမ်းပါ"

တစ်ဖက်ခန်းမှာ အသက် ၁၇ နှစ်ရွယ်၊ ၁၉ နှစ်ရွယ် ယောကျ်ားကလေးနှစ်ယောက်၊ အသက်၁၅ နှစ်ခန့် မိန်းကလေးတစ်ယောက်၊ သူတို့မိဘဖြစ်သော လင်မယားတစ်စုံ တစ်ခန်းလုံးလာကြည့်ကြသဖြင့် လူငယ်များအား အကူအညီတောင်းလိုက်ခြင်း ဖြစ်၏။ နှစ်ယောက်စလုံး ကြက်သီးထသလို ဖြစ်သွားကြကာ –

"ကျွန်တော်တို့ မကိုင်ဝံ့ဘူးခင်ဗျ"ဟု ပြိုင်တူနီးနီး ပြောကြ၏။ မောင်မောင်က အလောင်းကို တစ်ချက်မျှ လှမ်းကြည့်ပြီးလျှင် –

"ဒီမယ် ... မစိန်သန်း၊ ခင်ဗျားမေမေကြည့်ရတာ သန့်သန့်ပြန့်ပြန့်ကြီးပဲဗျာ။ ရေချိုးဖို့ မလိုပါဘူး"

"ထုံးစံက လူသေရင် ရေချိုးပြီးမှ အလောင်းပြင်ရတယ် မောင်ရင်ရဲ့"

တစ်ဖက်ခန်းကလူကြီးက ရှေးထုံးနှင့်အညီ ဝင်၍ပြောပြန်၏။ မောင်မောင်က–

"ထုံးစံဆိုတာ ပိုနေတာပါပဲဗျာ။ လူသေရင် ရေချိုးရတယ်ဆိုတာက မသန့်မရှင်း ဖြစ်နေတဲ့အလောင်း၊ ရောဂါဆိုးနဲ့ သေတဲ့အလောင်း နည်းနည်းပါးပါး သန့်ရှင်းလာအောင်လို့ လုပ်ခဲ့ကြရာက ထုံးစံဖြစ်နေတာ၊ သန့်ရှင်းတဲ့ အလောင်းဆိုရင် မလိုပါဘူး"

"ကိုမောင်မောင်တို့ သဘောပါပဲ"

မစိန်သန်းက မျက်ရည်စိုသော မျက်လုံးအစုံနှင့် မောင်မောင်အား ကြည့်ကာ ပြောလိုက်ရာ ကိုစန်းတင်က –

mgyoe.com

"မင်းပြောတာ ကြိုက်တယ်ကွယ်။ မစိန်သန်းမိခင် အိပ်တဲ့ခုတင် ဘယ်မှာလဲ၊ ခုတင်အိမ်ရှေ့ထုတ် အရင်ပြင်ပြီးတော့ အလောင်းတင်ပေါ့"

မစိန်သန်းက သူ့မိခင်ကြီး၏ ခုတင်ကိုပြသဖြင့် အခန်းဝနှင့် မဆံ့သောကြောင့် ကိုစန်းတင်နှင့် ကိုမောင်မောင်ပင် တစ်ယောက်တစ်လှည့် ဖြုတ်၊ အပိုင်းအစများ အိမ်ရှေ့ထုတ်ကြကာ တပ်ဆင်လိုက်ကြသည်။ ပြီးမှ အလောင်းကို မောင်မောင်ကခေါင်းရင်းက ကိုစန်းတင်ကခြေရင်းမှ ပွေ့မယူလာကြကာ ခုတင်ပေါ်တွင် တင်လိုက်ကြပြန်၏။ ကိုစန်းတင်က–

"လွှမ်းစရာ ထဘီတစ်ထည်နဲ့ ပဝါတစ်ပိုင်း ပေးဦးဟေ့"

မစိန်သန်းသည် တကယ့်ထဘီတစ်ထည်နှင့် သုံးတောင်ထွာ အမေရိကန် ပဝါတစ်ထည် ထုတ်ယူလာ၏။ ထဘီမှာ ပန်းနုရောင် အချိတ်ထဘီ ဖြစ်သည်။

"ဒီထဘီဟာ အမေ အပျိုဘဝက ဒီအသက်အထိ အမြတ်တနိုး ပွဲလမ်းသဘင်ကျမှ ဝတ်ဆင်လာတာ အစ်ကိုကြီးရေ့။ အို … အမေနှစ်သက်တဲ့ ထဘီကို စွန့်ပစ်သွားပါပေါ့လား"

မစိန်သန်းက စကားနှင့် တစ်ဆက်တည်း ငိုလိုက်ရာ ဒေါ်စိန်လှိုင်က–

"အို … မမရဲ့၊ ဒို့ဗမာဂုဏ်ကျက်သရေဆောင် အချိတ်ထဘီဆို။ အခု ထပြီး ဝတ်ဆင်ပါဦးလား မမရဲ့၊ လေးအေးဟေ့" ငိုပြန်သည်။

ကိုစန်းတင်နှင့် မောင်မောင်မှာ မစိန်သန်းလက်ထဲက ထဘီနှင့်ပဝါကို ယူပြီးလျှင် ကိုစန်းတင်က ထဘီကို ကွယ်လွန်စဉ်က အဝတ်တစ်ခုမျှ မချွတ်ဘဲ ရင်ခေါင်းအထိလွှမ်းခြုံလိုက်၏။ မောင်မောင်က ထဘီကို ပေါင်လယ်အထိ ဖယ်ချလိုက်ပြီး–

"မစိန်သန်း၊ ခင်ဗျား မေမေ့အိတ်ထဲ ဘာတွေရှိသလဲ နှိုက်ကြည့်ပါဦး"

မစိန်သန်း အလောင်းနားသို့ တိုးလာကာ အပေါ်အင်္ကျီ မကျပ်တကျပ် အိတ်တစ်ဖက်မှ ရှုဆေးဘူး တစ်ပုလင်း၊ အခြားတစ်ဖက်မှ တစ်ဆယ်တန်စက္ကူ နှစ်ချပ်၊ ငါးကျပ်တန် တစ်ချပ်၊ ကျပ်တန် သုံးချပ်၊ အကြွေ သုံးမတ် ထွက်လာ၏။ အတွင်းခံအင်္ကျီကား မရှိချေ။ မိသားတစ်စု ချည်းနေ၍ ထိုအင်္ကျီတစ်ထပ်တည်း ဝတ်ထားဟန်တူ၏။ မောင်မောင်က

mgyoe.com

mgyoe.com

"ကိုင်း ... ဘယ့်နှယ်ရှိစ"ဟု အမူအရာနှင့် ကိုစန်းတင်အား မျက်စောင်းထိုးကြည့်လိုက်ရာ မျောက်ပွဲထိုင်သလို ဖြစ်မည်စိုးသဖြင့် ကျိတ်ခံလိုက်ရသည်။

ပြီးတော့မှ ကိုစန်းတင်က ထဘီကို ရင်ခေါင်းအထိ ဖုံးလိုက်၏။ မောင်မောင်က ပဝါကို အပေါ်ပိုင်းမှ အုပ်မည်အလုပ် ကိုစန်းတင်သည် မောင်မောင်၏လက်ကို ဆွဲဖယ်ပစ်လိုက်ကာ –

"မစိန်သန်း၊ ညာဘက်လက်က ပယင်းစိတ်ပုတီးဟာ အစစ်လား၊ အတုလား။ အစစ်ဆိုရင် သင်္ကြိုဟ်ရာပါလို့ အကျိုးမရှိဘူး။ ထုခွဲရောင်းချပြီးမှ ရည်စူး ကုသိုလ်ပြုပေါ့ကွဲ့"

"ပယင်းစိတ်ပုတီးအစစ် အစ်ကိုကြီး"ဟု ခံသီးကြီးခန့်ရှိ စိတ်ပုတီးကို မစိန်သန်းက ဖြုတ်ယူပြန်သည်။ ကိုစန်းတင်က မောင်မောင်အား ကြည့်လိုက်ရာ မောင်မောင် လျှာတစ်လစ်ဖြစ်သွား၏။ ပြီးမှ သူ့လက်ထဲက ကုလားအထည်သည်လို ကိုင်ထားသောပဝါကြီးကို အပေါ်ပိုင်းကခြုံ၍ ပေးလိုက်၏။

"မသာစောင့် လူရအောင် ဖဲထုပ် လေးထုပ်လောက် ရှာကြပါလားဗျာ။ နှစ်ထုပ်ကို ပိုကာဝိုင်း၊ လူငါးယောက် ခြောက်ယောက်ရှိမယ်။ ကျန်နှစ်ထုပ်ကို တစ်ထုပ်ကို ကိုးမီးတစ်ဝိုင်းစီနဲ့ နှစ်ဝိုင်းဆိုရင် အိမ်ထိုင်ရောဘေးပေါက်ပါ လူ ၁၅ ယောက်လောက် အနည်းဆုံးရှိမယ်"

မပြန်သေးသော အခန်းနီး အသက် ၄၀ ခန့် လူကြီးက အကြံပေးရာ ကိုစန်းတင်က –

"ဒါလည်း ကောင်းသားပဲ၊ ဖဲထုပ်ရဖို့တော့ လွယ်ပါတယ်"ဟု ထောက်ခံ၏။ မောင်မောင်က –

"ဒီအခန်းနဲ့ ဒီလောက် လူများလာမှာ မကောင်းပါဘူး၊ ပြီးတော့ မသာအိမ်ရှိရင် ဖဲဝိုင်းရှိရမယ်ဆိုတဲ့ အစဉ်အလာကိုလည်း ကျွန်တော်သဘောမကျဘူး။ တချို့မသာအိမ်နဲ့ စီးပွားရှာကြတယ်။ ဒီထက်ဆိုးတာက မသာအလောင်းငှား၊ ဆွေမျိုးမသာဆိုပြီး ဖဲဝိုင်းထောင်၊ အကောက်ယူ၊ မသာချတော့ အခမဲ့ အသုဘယာဉ်နဲ့ တော်အောင်ချတာတွေလည်း တွေ့ဖူးတယ်ဗျ"

mgyoe.com

"ဒါဖြင့်လည်း ခင်ဗျားတို့ သဘောပေါ့လေ"ဟု အိမ်ခန်းနီးများ ထွက်ခွာသွားကြ၏။ မစိန်သန်းဟို့မှာလည်း သူ့ဒေါ်ဒေါ်နှင့်သူသာ အလောင်းနဲ့နေရရင် စိတ်အားငယ်တော့မည်ဟု ခပ်မှိုင်မှိုင်ဖြစ်နေသည်။ မောင်မောင်က –

"ကိုစန်းတင် ဒီည ဒီမှာ အိပ်လေဗျာ"

"မရီမြ (သူ့ဇနီး)ကို မလိုရင် ပြန်ခဲ့မယ်၊ လိုရင် စောင့်အိပ်ရမယ်လို့ မှာခဲ့တယ်"

"ကျွန်တော်ကတော့ ဖေဖေနဲ့ မေမေ့ကို ကနေ့ည မသာအိမ် စောင့်အိပ်ရလိမ့်မယ်လို့ တစ်ခါတည်း မှာထားခဲ့တယ်"

ကိုစန်းတင်က "မင်းယောက္ခမလောင်းမသာမို့ မှာခဲ့နိုင်တာပေါ့"ဟု နောက်ပြောင်လိုသော်လည်း မပြောင်တော့ပေ။ အချိန်ကား ၁၀ နာရီခွဲခန့် ရှိပြီဖြစ်ရာ မောင်မောင်က လက်ပတ်နာရီကိုမြော်ကြည့်ပြီးလျှင် ၁၀နာရီ တောင်ခွဲသွားပြီ မေ့နေလိုက်တာဟု ဝရန်တာဆီသို့ ထွက်သွား၏။

"ဟော့ ... မောင်လွန်း မင်း ပြန်အိပ်တော့။ ဆရာ ဒီမှာ အိပ်မှာ၊ မနက် ၆ နာရီအရောက် ဒီကိုလာခဲ့"

"ဟုတ်ကဲ့ ... ဆရာ"

ဆရာတပည့်နှစ်ယောက် အပြန်အလှန် ပြောကြသည်ကို အခန်းတွင်းမှ ကြားလိုက်ကြ၏။ အနည်းငယ် ဆိတ်ငြိမ်မှ ကိုစန်းတင်က ...

"နေပါဦး ... မစိန်သန်းရဲ့။ မင့်မေမေ ဖျားတယ်၊ နာတယ် မကြားဘဲနဲ့ ဘာပြုလို့ ရုတ်တရက် ဆုံးရတာလဲ"

ထိုအမေးကို မစိန်သန်း ရုတ်တရက် မဖြေကြားနိုင်ပေ။ သန့်စင်သော အချစ်နှင့် ကလေးဘဝက ချစ်လာခဲ့သည့် ငယ်ရည်စား သန်းထိုက်၊ ကိုယ့်ငယ်ချစ်ဆီ စားပြတိုက်လာသည်။ သူတို့၏ သေနတ်နှင့် ချိန်ရွယ်ပုံ၊ ခြိမ်းခြောက်ပုံကို မြင်ရသဖြင့် နှလုံးရောဂါ အခံရှိသော မိခင်ကြီး ကွယ်လွန်ခဲ့ရပြီဟု များစွာ ယူကျုံးမရ ဖြစ်နေသည်။

"မင်းမှာ ဒီအမေ၊ ဒီအဒေါ် ဒီလူကြီးနှစ်ယောက်တည်း ရှိလေတော့ ရုံးအလုပ်ကိုဘယ်လိုရှိသေးပေမဲ့ နည်းနည်းမမာဘူးဆိုရင် ခွင့်တိုင်ပြီး ပြုစုရမှာ

mgyoe.com

mgyoe.com

ပဲလို့ အစ်ကိုကြီးထင်လို့ မေးမိတာပါ"

မစိန်သန်းမှာ သူ့အပေါ် ရက်စက်သွားသော်လည်း သူက မရက်စက်နိုင်သည့် ငယ်ချစ်၏ ပြုမူပုံများကို ဖွင့်ဟမပြောလို။

"ဒီလို အစ်ကိုကြီးရယ်၊ ကျွန်မတို့မြို့က လူရွယ်သုံးယောက် ၉ နာရီလောက် တံခါးခေါက်ဝင်လာတာကို လူဆိုးထင်ပြီး နှလုံးရောဂါအခံနဲ့ သွေးလန့် အသက်ပျောက်သွားတာ ထင်ပါရဲ့"

"ဒီလူရွယ်တွေက ဘာလာလုပ်ကြတာလဲ"

"ကျွန်မရဲ့ ဖေဖေ့ညီအရင်း ဦးသိန်းဆန်းဆီက လူကြုံပါးလိုက်လို့ ဆိုပြီး စာပေးလာကြတာပဲ၊ စကားနည်းနည်းပြောပြီး ပြန်သွားကြတာပါပဲ"

ထိုစကားကို မစိန်သန်း ခပ်ကျယ်ကျယ်ကလေး ပြော၏။ သန်းထိုက်တို့လာကြပုံ၊ ဦးသိန်းဆန်း အသံကြားပုံများကို တစ်ဖက်ခန်းမှ စပ်စုလှသောလူကြီး သိပြီးဖြစ်မည်ကြောင့် တမင် ကာကွယ်ပြောနေခြင်း ဖြစ်သည်။

"ဩော် ... ဖြစ်မှ ဖြစ်ရပလေကွယ်။ အဲလေ ... သဗ္ဗေသခ်ါရ အနိစ္စာ ဆိုတာ မင်းလည်း အသိသား၊ တရားနဲ့ဖြေမှပေါ့"

"ပြေနိုင်ပါ့မလား အစ်ကိုကြီးရယ်၊ ဖေဖေဆုံးပြီး လူလုံးချည်း ပြေးခဲ့ကြရတယ်။ ဒီအမေ ဒီသမီး ခုလိုနေရာက ရုတ်ခနဲ ဆုံးသွားတော့။ အို ... အမေရဲ့၊ သမီး မချိလှဘူး"

မစိန်သန်းသည် စကားနှင့်တစ်ဆက်တည်း ငိုပြန်၏။ အသံ ခပ်အုပ်အုပ်နှင့် အသည်းရေညှစ်ထုတ်သလို လှိုက်လှိုက်လှဲလှဲ ငိုကြွေးနေရှာခြင်းဖြစ်ရာ မောင်မောင်မှာ သူ့ချစ်သူအား သနားလှသဖြင့် နှုတ်ခမ်း ငိုသယောင်နှင့် မဲ့မဲ့သွားသည်။ ထိုသို့ မဲ့မဲ့သွားခြင်းမှာ ဝမ်းနည်း၍မဲ့ခြင်းနှင့်မတူ၊ မဲ့၍ ပြောင်ပြသလို ဖြစ်နေသဖြင့် ကိုစန်းတင်မှာ မရယ်မိရန် အတော်ချုပ်တည်းထားရ၏။ မစိန်သန်းမှာ ငိုရာက တစ်စုံတစ်ရာ သတိရဟန်နှင့် –

"အချိန်လည်း အတော် ညဥ့်နက်သွားပြီ၊ အစ်ကိုကြီးနဲ့ ကိုမောင်မောင် ကျွန်မအိပ်ရာ ခုတင်နဲ့ ဒေါ်ဒေါ်ရဲ့ ခုတင်မှာ အိပ်ကြပါ။ အစ်ကိုကြီးတို့ ရှိရင် ကျွန်မနဲ့ ဒေါ်ဒေါ် အကောင်းနားမှာပဲ အိပ်ရဲပါတယ်"

ထိုသို့ပြောသောအခါ ဒေါ်စိန်လှိုင် ကျောတွန့်သွား၏။ အသက်နှင့်

mgyoe.com

mgyoe.com

ရှိစဉ် အစ်မအရင်းဖြစ်သူအား ချစ်ခဲ့သည်မှာ မှန်၏။ မသာကောင်ဘဝ ရောက်သောအခါ စုန်း၊ ကဝေ၊ တစ္ဆေ ငယ်စဉ်က အစွဲပါ၍ ကြောက်ရွံ့လာခဲ့သဖြင့် မအိပ်ဝံ့သောကြောင့် ဖြစ်သည်။

"အို ... မဟုတ်တာ၊ မစိန်သန်းတို့ ကိုယ့်အခန်းထဲကိုယ်အိပ်ကြ။ အစ်ကိုကြီးတို့ကို သင်ဖြူးတစ်ချပ်စီနဲ့ ခေါင်းအုံးတစ်လုံးစီရရင် တော်ပါပြီ။ ဒီအခန်းမှာပဲ အိပ်ကြမယ်"

မစိန်သန်းလည်း သူ့အဒေါ်၏ အမူအရာကိုကြည့်ပြီးလျှင် အိမ်ခန်းအတွင်းမှ သင်ဖြူးလိပ်နှစ်လိပ်နှင့်ခေါင်းအုံးကြီးနှစ်လုံး ထုတ်လာ၏။ မောင်မောင်က ကိုစန်းတင်အတွက်ရော သူ့အတွက်ပါ၊ ကုလားထိုင်များနှင့် အလောင်းခုတင်ကြားတွင် ခင်းနေသည်။ ထိုအတွင်း မစိန်သန်းက သက္ကလတ်ဖြူစောင်နှစ်ထည်နှင့် မှိုင်းလုံးကော်ဇော ယူလာသဖြင့် သင်ဖြူးပေါ်တွင် ထပ်၍ ခင်းကြ၏။

မောင်မောင်သည် မသာအိမ်တွင် အိပ်မည်ဟု ချည်လုံချည်ဝတ်လာခဲ့၏။ အပေါ်ဝတ်အင်္ကျီ မပါ၊ ရှပ်လက်တိုသာ ဝတ်ဆင်လာရာ ရှပ်လက်တိုကိုချွတ်၍ ချိတ်စရာရှာ၏။ ဘယ်မှာမျှ မတွေ့။ နံရံ၌ ၂၄ လက်မ ဓာတ်ပုံကြီးသုံးပုံ ချိတ်ဆွဲထားသည်။ ဓာတ်ပုံအောက်ခံ သံချောင်းများ စွန်းထွက်နေသည်ကို မြင်ရသဖြင့် သံချောင်းတစ်ချောင်းတွင် ချိတ်ရင်း ဓာတ်ပုံရှင်ကို မော့ကြည့်၏။ အသက် ၄၅ နှစ်ခန့် လူချော လူခန့်ကြီးတစ်ယောက် ဖြစ်နေ၏။ ထိုလူကြီးဘေးက ပုံကြီးကို ကြည့်ပြန်သောအခါ အသက် ၄၀ခန့် ကွယ်လွန်သူ ဒေါ်စိန်မြိုင်၏ပုံ ဖြစ်နေသည်။

ရှပ်ချင်း ပုံဖမ်း၍ရသော်လည်း ဓာတ်ပုံရှင် ဒေါ်စိန်မြိုင်မှာ အတော်နုပျို၀ဖြိုး ရုပ်ရည်တင်လျက် ရှိ၏။ အလောင်းရှင် ဒေါ်စိန်မြိုင်နှင့် အရေးကြီးသော အစိတ်အပိုင်းအချို့သာ တူတော့သည်။ တစ်ဖန် ဒေါ်စိန်မြိုင်ဘေးက ဓာတ်ပုံကြီးကို ကြည့်ပြန်၏။ အသက်၁၆ နှစ်ခန့်၊ ဆံတောက် ဆံထုံးကြီးနှင့် မစိန်သန်းပုံ။ ယခု အသက်၂၂ နှစ်ခန့် မစိန်သန်းပင် အလွန်ချောသည်ဟု ထင်ခဲ့ရာ ဓာတ်ပုံရှင် မစိန်သန်းက နုပျို၍ ပိုမို ချောမွေ့လှပနေသည်။ မျက်လုံးအစုံ ကြည်ရီလျက် မျက်တောင်ကော့အတွင်းမှ မြင်ရသူတို့၏စိတ်ကို

mgyoe.com

mgyoe.com


ဆွဲတျုံ့နေသကဲ့သို့ ထင်ရသည်။ မောင်မောင်သည် အတန်ကြာ ငေးစိုက်ကြည့်ရှုပြီးမှ အဘိုးကြီး၏သံချောင်းတွင် ချိတ်ထားသော သူ၏ရုပ်လက်တိုကို မစိန်သန်း၏ သံချောင်းစွန်းတွင် ပြောင်း၍ ချိတ်ထားလိုက်သည်။

မောင်မောင်သည် သူ့အိပ်ရာသို့ ဝင်၍ထိုင်ကာ လဲလျောင်းလိုက်ပြီးလျှင် ခေါင်းအုံးပေါ် ခေါင်းချ၍ အိပ်နေ၏ ကိုစန်းတင်က မကြားတကြား–

"သနားစရာ ဒုက္ခပါပဲ မောင်မောင်ရာ၊ အခုလိုဆိုတော့ မင်းတစ်ယောက်ပဲ အားကိုးရှိရာတော့တာပဲ"

မောင်မောင်၏ထံမှ ဘာသံမျှ မကြားရချေ။ ကိုစန်းတင် သေချာစွာကြည့်လိုက်သောအခါ မောင်မောင်မှာ အသက်ရှူမှန်မှန်နှင့် တကယ်ပင်အိပ်ပျော်နေပြီ ဖြစ်သဖြင့် "အံ့ပါရဲ့ ... မောင်မောင်၊ ခေါင်းချချချင်း အိပ်ပျော်တာပဲ"ဟု သူလည်း အိပ်ရန်ပြင်ဆင်တော့၏။

အိပ်မပျော်နိုင်သူမှာ မစိန်သန်းဖြစ်သည်။ ပထမ သူစဉ်းစားမိသည်မှာ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်က ကျွေးမွေးပြုစု ဆုံးမလာသော မိခင်ကြီး၊ စကားပီ နားကြားရွယ်ကတည်းက အော်ငေါက်ကြိမ်း မောင်းဆဲဆိုခြင်း မရှိခဲ့။ သမီးကလေးမှားယွင်းနေလျှင် အကျိုးအကြောင်း ဖျောင်းဖျဆုံးမခဲ့သည်။ သမီးကလေး လိမ္မာရေးခြား ရှိစေချင်လျှင် မိခင် ကိုယ်တိုင်က ကိုယ်နှုတ်နှလုံး ယဉ်ကျေးရမည်ဆိုသည့်အတိုင်း ယဉ်ကျေး လှသည့်မိခင်။ သမီးကလေး၊ အစိန်ကလေး ခေါ်ခဲ့ရာမှ သမီးကြီးအစိန်ဟု နာမည်ခေါ်ရာမှာပင် သာယာသောအသံနှင့် ခေါ်ဝေါ်ခဲ့သည်။ ဖခင်ကြီး အသတ်ခံရစဉ်က သူတို့ လွတ်မည်၊ မလွတ်မည် မသေချာသဖြင့် အသေခံခဲ့မယ်ဟု အသက်ပေး၍ပင် ချစ်ခင်ခဲ့၏။ အားကစားလိုက်စား၍ သန်မာသော သမီးကသာ မိခင်ကြီးအား ဖွတ်ဆွဲငင်ကာ ကိုယ်လွတ်ရုန်းခဲ့ကြရသည်။

မိခင်ကြီးအကြောင်း တွေးရာလေးပါး စဉ်းစားရင်း မျက်ရည်ယိုစီးနေရာမှ သူ့အစ်ကိုသန်း၏အကြောင်းကို ဆက်လက် စဉ်းစားမိသောအခါ မျက်ရည်အိုင်ထွန်းပေတော့သည်။ ၁၉၄၈ ခုနှစ် ကုန်ခါနီး သူ့အစ်ကို သန်းက တက္ကသိုလ်၌ ဘီအက်စီအောက်တန်းစာမေးပွဲဝင်ရန် ကြိုးစားနေဆဲ ရန်ကုန်သို့ပြေး၍အလာ –

mgyoe.com

mgyoe.com

"ဘာမှမပူနဲ့ အစိန်၊ ဦးလေးသန်း ဆုံးပေမဲ့ အစ်ကိုသန်းတို့ဖေဖေများ ဘာမှမဖြစ်ဘူးတဲ့။ ဒီတော့ အစိန်တို့မိသားတစ်စု မဆင်းရဲစေရဘူး"

"ကိစ္စမရှိပါဘူး အစ်ကိုသန်းရယ်၊ အစိန်တို့မှာ စိန်၊ ရွှေ နှစ်သောင်းငါးထောင်ဖိုးလောက် ပါပါသေးတယ်"

ငယ်ချစ်အား ရန်ကုန်တွင် ယုံကြည်စွာနှင့် ပြောဖူး၏။ ထိုငယ်ချစ်ကပင် ၁၉၄၉ ခုနှစ်ထဲ တောခိုသွားပြီး ချစ်သူယုံကြည်၍ ပြောထားသောပစ္စည်းများကို လက်နက်နှင့်ခြိမ်းခြောက် တောင်းရက်သည်။ သူတို့၏ကြမ်းတမ်းသော အပြုအမူကြောင့် မိခင်ကြီးလည်း ဆုံးခဲ့ချေပြီ။ အစ်ကိုသန်းအပေါ် အစိန် ဘယ်လိုဖြေရပါ့မလဲဟု မျက်ရည်မစဲအောင် ဖြစ်ရာကချစ်သည်းငယ်ကြောင်းများလည်း တရေးရေး တဆွေးဆွေး ထင်လာပြန်ရှာ၏။

■

mgyoe.com

mgyoe.com

# အခန်း (၅)

"အစ်ကိုသန်းရေ ကျောင်းသွားကြစို့လား"

"နင့်ကို စောင့်နေတာ အစိန်ရ"

ဝင်းခြံနှင့် ကျွန်းပျဉ်ခင်း၊ ကျွန်းပျဉ်ကာ၊ သွပ်မိုးအိမ်ကြီးတစ်ဆောင်အတွင်းသို့ အသက် ၆ နှစ်ခန့် ဆံရစ်ဝိုင်းနှင့် ကလေးမကလေး တစ်ယောက်က ဝင်ရောက်ခေါ်ငင်ရာ အိမ်အပေါ်ထပ်မှာ အသက် ၉ နှစ်ခန့် ဗိုလ်ကေတိုနှင့် လူငယ်ကလေးတစ်ယောက်က ငုံ့လှမ်းပြောပြီးလျှင် လှေကားကို တစ်ထစ်ကျော် ပြေးဆင်းလာကာ ဝင်းခြံအတွင်းမှ ထွက်ခဲ့ကြ၍ မြန်မာစာသင်ကျောင်းရှိရာသို့ လာခဲ့ကြသည်။

အစိန်က တစ်တန်း၊ အစ်ကိုသန်းဆိုသူက သုံးတန်း သင်ကြားနေကြခိုက် ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ကျောင်းတက်သွားရာ၌ အစိန်က သူ၏အိမ်မှ အလျင်ထွက်ခဲ့၍ ဝင်ခေါ်လေ့ရှိသည်။ တစ်ခါတစ်ရံ စိန်သန်းက ကျောင်းလာနောက်ကျနေလျှင်လည်း သန်းထိုက်က ကျောင်းသို့မသွားနှင့်ဘဲ ကျောင်းနှင့်ပို၍ဝေးသော စိန်သန်း၏အိမ်သို့ သွားရောက်ခေါ်ငင်လေ့ရှိ၏။

ယဉ်ကျေးသော လူကြီးများက ယခုလို တပူးတွဲတွဲနေကြသည်ကို သွေးသားမတော်စပ်ဘဲ ခင်မင်နေကြသဖြင့် မောင်နှမလိုပဲဟု ပြောကြ၏။ မင်းတို့မောင်နှမ တယ်လည်းချစ်ကြပါလားကွဟု တွေ့ဆုံလျှင်လည်း ပြောကြသည်။ အလိုက်မသိသော လူကြီးများကမူ ဘာမျှနားမလည်ကြ

mgyoe.com

mgyoe.com

သေးသည့် ကလေးနှစ်ဦးအား သူတို့လင်မယား လာကြပြီဟု လှောင်ပြောင် ပြောဆိုကြသည်။

တစ်ယောက်တွင်ပါသော မုန့်ကို တစ်ယောက်အား ပေးလျက် မုန့် ကလေးနည်းလျှင် တစ်ယောက်က သူဝပြီ၊ တစ်ယောက်ကလည်း သူဝပြီ နှင့် ဤမျှ ငဲ့ညှာခဲ့ကြ၏။ တစ်ကြိမ်၌ စိန်သန်းနှင့် အခြားမိန်းကလေး ရန်ဖြစ်ကြ၏။ စိန်သန်းက အသက်ငယ်သော်လည်း ထိုမိန်းကလေးအား နိုင်နေရာ မောင်ဖြစ်သူက နမဘက်မှကူ၍ စိန်သန်းအားထိုး၏။ သန်းထိုက်က စိန်သန်းဘက်မှ ကူညီထိုးကြိတ်ရာ မျက်နှာများ ဖူးရောင်သွားသဖြင့် သန်းထိုက် အရိုက်ခံရ၏။

သန်းထိုက်က စိန်သန်းအတွက်ဆိုလျှင် ဘာမဆို လုပ်ကိုင်ပေးသည်။ စိန်သန်းအတွက် အနစ်နာခံစရာရှိလျှင် သူသာအနစ်နာခံသည်။ တစ်ကြိမ်၌ စိန်သန်းသည် ငှက်ပျောသီးတစ်လုံး စားပြီးလျှင် ကျောင်းအတွင်းဘက် ပေါက်မှ လွှတ်ပစ်လိုက်ရာ အသက် ၄၀ ခန့် ဆရာကြီး ဝင်လာသည်နှင့် ကြုံသဖြင့် ဆရာကြီး၏ နှာခေါင်းကို ထိမှန်သွား၏။

ဆရာကြီးမှာ ဒေါသကြီး၍ အလွန်ရိုက်တတ်ကြောင်း ကျောင်းသား အားလုံး သိကြ၏။ ဆရာကြီး၏နှာခေါင်းမှာ ငှက်ပျောသီးအဖတ်တချို့ ကပ်နေသဖြင့် ပုဏ္ဏားလိုဖြစ်နေရာ အတော်ဒေါပွနေခိုက် သန်းထိုက်က စိန်သန်းအား ဘေးသို့ဖယ်လိုက်ပြီးလျှင် သူစားပြီးသော ငှက်ပျောသီးခွံကို ဆရာကြီး၏ မျက်နှာဘေးမှကပ်သွားအောင် လွှတ်ပစ်လိုက်ပြန်ရာ ထိုအခါ ဆရာကြီးနှင့် ပက်ပင်းပါမိနေတော့၏။

"ဆရာကြီးလာရက်နဲ့ ဒီလိုပစ်ရသလား သန်းထိုက်"

"ခုနကတော့ ဆရာကြီးလာတာမမြင်လို့ မှန်သွားတာပါ၊ ဆရာကြီး လာတာမြင်တော့ မမှန်အောင် ပစ်တတ်ပါတယ်လို့ ပစ်ပြတာပါ"

ကျောင်းသား၊ကျောင်းသူကလေးများ ဝိုင်းလာကြပြီဖြစ်၍ ဆရာကြီး ပိုမိုဒေါသဖြစ်နေ၏။နှာခေါင်းက ငှက်ပျောဖတ်မသုတ်သေးသဖြင့် ပုရောဟိတ် လို ဖြစ်နေသည်ကို ကျောင်းသား၊ ကျောင်းသူအချို့ ဆရာကြီးမသိအောင် ကျိတ်၍ရယ်ကြသည်။ ဆရာကြီးက ကျောင်းသားတစ်ယောက်အား သူ့စားပွဲ

mgyoe.com

mgyoe.com

ပေါ်က ကြိမ်လုံးအယူခိုင်းပြီးလျှင် သန်းထိုက်၏ တင်ပါးကို ငါးချက်တိတိ ရိုက်နှက်ဆုံးမခြင်း ခံရသည်။

"အစ်ကိုသန်းတော့ အစိန့်အတွက် အရိုက်ခံရတာပဲနော်၊ အတော် နာသလား ဟင်"

"နာပါဘူး ... အစိန်ရာ၊အစိန်သာ ဒီလိုအရိုက်ခံရရင် ဘယ်ခံနိုင်မလဲ"

စိန်သန်းမှာ သန်းထိုက်အရိုက်ခံရစဉ်က နာကျင်လွန်းသဖြင့် အံကြိတ် ခံနေသည်ကို မြင်ရ၍ –

"ပြစမ်း ... ပြစမ်း၊ အစိန် ကြည့်ချင်တယ်"

"နာပါဘူးဆိုမှပဲ၊ အစိန်ကလည်းကွယ်"

"ဟင့်အင်း ... အစိန့်ကို ချစ်ရင် ပြရမယ်"

ကိုးနှစ်သားအရွယ် လူမမယ်မို့ ရှက်ကြောက်ရမည်ကို ဂရုမစိုက်။ အစိမ်းရင့်ရောင် ပိုးလုံချည်ကလေးကို အောက်ကလှန်ပြရာ တင်ပါးဆုံ အောက်တွင် ညိုမည်း၍နေသော အလျှိုးအစင်းများ မြင်ရသဖြင့် စိန်သန်း မျက်ရည်ဝိုင်းနေရှာ၏။

"အစိန်လည်း အစ်ကိုသန်းနဲ့ လိုက်နေချင်တယ်"

"နေတာပေါ့ အစိန်ရယ်၊ ဗမာစာ အခြေခံရအောင် နှစ်တန်းအောင်မှ လိုက်ပေါ့"

သန်းထိုက် လေးတန်းအောင်၍ အင်္ဂလိပ်ကျောင်းသို့ ပြောင်းရွှေ့ သောအခါ သန်းထိုက်နှင့်မခွဲလိုသော စိန်သန်းသည် မိဘကိုပူဆာဖို့ သတိ မရဘဲ သူ့အစ်ကိုသန်းသာ ပူဆာနေ၏။ ယောကျ်ားကလေး၊ မိန်းကလေး ငယ်ရွယ်သူ မည်သူမဆို သန့်စင်သောချစ်စိတ်နှင့် ခွဲမိခွဲရာ ခွဲတတ်သည်။ မြန်မာစာသင်ကျောင်းတွင် ကျောင်းသွားကျောင်းပြန် အတူတူ သင်ကြား နေခဲ့ကြရာမှ သန်းထိုက်ကျောင်းပြောင်းသွားသောအခါ စိန်သန်းမှာ မနေတတ် မထိုင်တတ် ဖြစ်နေသည်။

စိန်သန်းသာမဟုတ်၊ သန်းထိုက်မှာလည်း သူ့နှမလေးနှင့်ကျောင်းခွဲ၍ နေရသည်မှာ စိတ်ထဲတွင် ဟာနေ၏။ ကျောင်းကပြန်လျှင် စိန်သန်းတို့ အိမ်သို့ကူးခဲ့၏။ စိန်သန်း၏ဖခင်က ဥစ္စာပစ္စည်း ပြည့်စုံသဖြင့် သမီးကလေး

mgyoe.com

mgyoe.com

အား ဘာမဆို အလိုလိုက်၏။ တိုက်ခံအိမ်ကြီးနှင့် သစ်သီး၊ ပန်းမန်စုံသော ဝင်းခြံတွင် သမီးကလေးအတွက် ဒန်းဆင်ပေးထားသည်။ သန်းထိုက်လာလျှင် ဒန်းအတူစီးကြကာ ခြေတံရှည်သောကြောင့် မြေကြီးနှင့်ထောက်၍ အရှိန်ယူပြီးနောက် ခါးကော့ထိုးကာ ဒန်းမှာ ခပ်မြင့်မြင့်တက်ပြီး ဟိုဘက် ဒီဘက် လှုပ်ရှားနေကြ၏။

ဒန်း ခဏငြိမ်နေခိုက် ကျောင်းပြောင်းကိစ္စ ပြောနေခြင်းဖြစ်သည်။ စိန်သန်း နှစ်တန်းအောင်သောအခါ အင်္ဂလိပ်ကျောင်းပြောင်း၍ တစ်တန်းက စပြီး သင်ကြားရ၏။ သန်းထိုက် သုံးတန်းတွင် သင်ကြားလျက်ရှိသည်။ ထိုအခါ၌ စိန်သန်းအိမ်က ကျောင်းနှင့်နီး၍ သန်းထိုက်အိမ်က ကျောင်းနှင့်ဝေးသဖြင့် သန်းထိုက်ကအလျင်လာပြီးလျှင် စိန်သန်းကိုခေါ်ပြီးမှ အတူတူသွားကြသည်။

အင်္ဂလိပ်ကျောင်းတွင် သွားအတူတူ၊ စားအတူတူ၊ ကစားရာ၌မူ စိန်သန်းက မိန်းကလေးဖော်များနှင့် ကစား၍ သန်းထိုက်က ယောကျ်ားကလေးဖော်ချင်း ကစားလေ့ရှိ၏။ သူတို့နှစ်ဦးအား ချစ်ခင်သူလည်းများ၍ မနာလိုသူလည်း ရှိ၏။

၁၉၄၁ ခုနှစ်သို့ရောက်သောအခါ သန်းထိုက်မှာ ၁၄ နှစ်အရွယ်အသံ သေးတစ်လှည့် ကြီးတစ်ခါ ကြီးကောင်ဝင်ခါစ လူပျိုပေါက်ဘဝ ရောက်နေပြီဖြစ်သဖြင့် အဝတ်အဆင်ကလေးများ ရွေးကထက် ပိုမိုသပ်ရပ်စွာ ဝတ်ဆင်တတ်ခြင်း၊ ဗိုလ်ကေကို အကျခွဲတတ်ခြင်း၊ မှန်ရှေ့တွင် သူ၏မျက်နှာနှင့် ကိုယ်လုံးကိုယ်ထည်များကို မကြာမခဏ ကြည့်ရှုတတ်လေသည်။

စိန်သန်းမှာလည်း ၁၁နှစ်အရွယ်က အငုံအကင်းကလေးများ ထွက်စ ပျိုးလာရာ ၁၂နှစ်အရွယ်ရောက်သောအခါ ရှင်မီးအင်္ကျီတစ်ထပ်တည်း ဝတ်ဆင်ထားက ရင်အထက်ပိုင်းတွင် မိုမောက်နေသော အဖူးအငုံများ မြင်နေရသည့်ဘဝသို့ ရောက်ရှိနေ၏။ ဆံထုံးကို ကျကျနနထုံးလျက် ဆံယဉ်စကလေးများ ဘီးနှင့်ဘေးပတ်လည်သို့ ကျကျနန ဖြီးချထားတတ်သည်။ သနပ်ခါး၊ ပေါင်ဒါကလေးများလည်း ဂရုတစိုက် ညီညီညာညာ လိမ်းတတ်လာ၏။

mgyoe.com

mgyoe.com

ခြောက်နှစ်သမီး၊ ကိုးနှစ်သားအရွယ်က ကျောင်းအတူသွား အတူလာလုပ်ခဲ့ကြသဖြင့် ထိုအရွယ်များအထိလည်း ထူးခြားသည့်လက္ခဏာများ မရှိ။ ရှေးမူအတိုင်း ဆွဲလား၊ ငင်လား၊ ဖက်လား လုပ်တတ်ကြရာ လူကြီးများလည်း ကလေးဟု သဘောထားကာ မတားမြစ်ကြပေ။

၁၉၄၁ ခု၊ ဒီဇင်ဘာလတွင် ဂျပန်စစ်ကြေညာသောအခါ ကျောင်းသွားရက် အကန့်အသတ်မရှိ ပိတ်လိုက်သဖြင့် စိန်သန်း ငါးတန်း၊ သန်းထိုက် ခြောက်တန်း ပညာတစ်ပိုင်းတစ်စနှင့် အိမ်တွင်နေကြရ၏။ မြစ်ဝကျွန်းပေါ်သို့ ဘီအိုင်အေများ တစ်စ တစ်စ သိမ်း၍လာခဲ့ရာ စိန်သန်းတို့မြို့သို့ ရောက်သောအခါ စိန်သန်း၏ဖခင် ဦးသိန်းသန်းက ဘီအိုင်အေတပ်သားများအား အစားအသောက်၊ အဝတ်အထည် လိုလေသေးမရှိ ကူညီ၏။

မြို့ရွာ အုပ်ချုပ်ရေးအဖွဲ့ကို အရာရှိဟောင်းထဲမှ သုံးယောက်၊ မြို့မျက်နှာဖုံး လူကြီးထဲမှ သုံးယောက် ဖွဲ့စည်း၍ အုပ်ချုပ်စေရာ မြို့လူကြီးထဲမှ ဦးသိန်းသန်းပါသဖြင့် စစ်ပြေးဘဝနှင့် ဒုက္ခမရောက်ခဲ့ကြပေ။ ဂျပန်အုပ်ချုပ်ရေးအတွင်းမှာပင် အင်္ဂလိပ်စာသင်ကျောင်း ထောင်လိုကြသော်လည်း အ–အိ–အု–အေ–အော ရန်ကြောင့် မကာည်ထောင်ရဲကြပေ။

၁၉၄၅ ခုနှစ်၊ မဟာမိတ် ပြန်၍ဝင်လာသောအခါကျမှ ဦးသိန်းသန်းတို့ ခေါင်းဆောင်ကြကာ အင်္ဂလိပ်–မြန်မာ ကျောင်းတစ်ကျောင်း တည်ထောင်ကြ၏။ အစိုးရက ပညာရေးဌာန စိတ်ကူးမျှ မထည့်နိုင်သေးသဖြင့် တတ်နိုင်သူများက ကျောင်းဆရာဟောင်းများအား သင့်တော်သောလခ ကျောင်းသား၊ ကျောင်းသူများထံမှ ကျောင်းလခများဖြင့် စတင် ပျိုးထောင်ကြရသည်။ စိန်သန်းမှာ ထိုကျောင်းတွင် ဆက်၍ သင်ကြားရ၏။

"အစ်ကိုသန်းရယ် ဒီမှာပဲ အစိန်နဲ့ သင်ပါလားကွယ်"

တစ်ညနေခင်း သန်းထိုက် နှုတ်ဆက်လာရာ၌ စိန်သန်းက ပြောဆိုလိုက်ခြင်း ဖြစ်၏။ သန်းထိုက်က အစိုးရအသိအမှတ်မပြုသေးသော ကျောင်းတွင်မနေဘဲ ရန်ကုန်သို့တက်ကာ ပညာသင်ကြားမည်ဟု သိထားသဖြင့် ဝမ်းနည်းစကား ပြောကြားနေကြသည်။

သန်းထိုက်က ၁၈ နှစ်အရွယ် အရပ်အမောင်း ထွားကျိုင်း၍ လူပျို

mgyoe.com

mgyoe.com

ကြီးမားမား ဖြစ်နေ၏။ စိန်သန်းက အသက် ၁၅ နှစ်ရွယ် ဆံထုံး ဆံထောက်ကြီးနှင့် မျက်နှာကလေးနုနေသော်လည်း ကိုယ်လုံး ကိုယ်ပေါက်က အပျိုတင်းပြည့် ဖြစ်၍နေချေပြီ။ တစ်ဦးနှင့်တစ်ဦး အကြည့်မျိုးကလည်း ကလေးဘဝကဲ့သို့မဟုတ်။ သို့ရာတွင် ငယ်စဉ်က မောင်နှမလို ခင်မင်ခဲ့ကြသဖြင့် ထွေထူးသောစကားများ မပြောရဲကြ။

"ဟိုမှာ ဖြတ်လမ်းကလိုက်ပြီး ကြိုးစားမယ် အစိန်၊ ဒါမှ တက္ကသိုလ် မြန်မြန်ရောက်မှာကွ"

"အစ်ကိုသန်းနဲ့ အတူတူနေလာကြပြီး ခုလို ခွဲရမယ်ဆိုတော့ ဝမ်းနည်းတာပေါ့"

"အစ်ကိုသန်းကလည်း ကိုယ့်နှမကလေးအရင်း ခွဲထားခဲ့ရသလို ဝမ်းနည်းတာပါပဲ၊ ဒါပေမဲ့ ပညာရေးက အတော်နောက်ကျနေပြီကွဲ့"

သန်းထိုက်သည် ချစ်နှမကလေး၏ ပါးပြင်ကို နမ်းဖို့မဆိုထားဘိ လက်ကလေးကိုမျှ မကိုင်ရဲတော့ဘဲ ထွက်ခွာသွားတော့သည်။

ရန်ကုန်မှနေ၍ လူကြုံတိုင်း သန်းထိုက်ကစာရေးလေ့ရှိ၏။ ငယ်စဉ်က ကျောင်းနေခဲ့ပုံ၊ လွမ်းဆွတ်ပုံများ စုံ၍နေသည်။ စိန်သန်းက သူ့အစ်ကိုသန်းဆီက စာရလျှင် ဆယ်ခေါက်ထက်မနည်း ဖတ်ရှုတတ်၏။

၁၉၄၇ ခုနှစ်တွင် သန်းထိုက် ပြန်လည် ရောက်ရှိလာပြန်သည်။ အသက် ၂၀ ခန့် လူရည်ပိုသန့်လာ၏။ အဝတ်အဆင်ကလည်း သားသားနားနား၊ မြို့သို့ ရောက်လျှင်ရောက်ချင်း မိဘနှင့်တွေ့ဆုံပြီးနောက် စိန်သန်းနှင့် လာရောက်တွေ့ဆုံသည်။ သူက ၁၉၄၅ ခုနှစ်က အလွတ်ပညာကို တစ်နှစ်ခန့် ကြိုးစားသင်ကြားပြီးနောက် အတန်းကျောင်းသို့ ပြောင်းရွှေ့ရာတွင် ပညာကို စမ်းသပ်ပြီးနောက် မက်ထရစ်တန်းတွင်ထားကြောင်း၊ စာမေးပွဲ ဖြေဆိုသောအခါ ကျေနပ်စွာ ဖြေဆိုနိုင်ကြောင်းနှင့် အားပါးတရ ပြောပြနေရှာသည်။

"အစိန်လည်း ဒီလိုသင်ချင်လိုက်တာ၊ မိန်းကလေးဖြစ်ရတာ တစ်ပန်းရှုံးတာပဲ"

"အစိန်သာ သင်ရင် ဒီလိုပဲ အောင်မှာပေါ့၊ အစိန်က အင်္ဂါကို သန်းထိုက်

mgyoe.com

mgyoe.com

ထက်ဉာဏ်ကောင်းတဲ့ဟာပဲ"

အသက် ၁၇ နှစ်ရွယ် ဆံထုံးဆံထောက်ကြီးနှင့်ပင် ရှေးအမူအရာ မပျက် ပြောဆိုနေသော စိန်သန်းအား သန်းထိုက်က ရွှန်းရွှန်းစားစား ကြည့်မိသော်လည်း ဆန်းပြားသောစကားကိုမူ မပြောရက်ရှာပေ။

သန်းထိုက်မှာ မြို့တွင်နေပြီးလျှင် စိန်သန်းနှင့် မကြာခဏ တွေ့ဆုံရာ၌ ပညာသင်ကြားရပုံ၊ ရန်ကုန်မြို့အကြောင်းလောက်သာ ပြောဆို၍ မူမမှန်သော စကားများကို တစ်ကြိမ်တလေမျှ မပြော။

"ဗျို့ ... ကိုသိန်း၊ ကျုပ်သား ခင်ဗျားတို့အိမ် ခဏ ခဏ ဝင်ထွက်နေတာနော်။ ခင်ဗျား သဘောမတူရင်ပြော ဒါပဲ"

"အို ... ကိုကျော်ဇံကလည်း ခင်ဗျားနဲ့ ကျုပ်နဲ့ခင်သလို ခင်ဗျားသားနဲ့ ကျုပ်သမီးလည်း ရင်းနှီးစေမပေါ့ဗျ"

သန်းထိုက်၏ဖခင် ဦးကျော်ဇံက ဖခင်ဦးသိန်းသန်းအား လာရောက်ပြောသည်ကို စိန်သန်း အမှတ်တမဲ့ ကြားဖူး၏။ လူကြီးတွေကတော့ သားနှင့်သမီး ရိုးရိုးမဟုတ်၊ ဆန်းဆန်းချစ်နေပြီဟု ထင်ကြသည်။

သန်းထိုက်မှာ မက်ထရစ်ကို သချာဂုဏ်ထူးနှင့်အောင်သည်ဟူသော သတင်းရသဖြင့် ကခုန်မလောက် ဝမ်းသာသွား၏။ တက္ကသိုလ်ကျောင်းဖွင့်ချိန်နီးသောအခါ စာရင်းသွင်းရန် တင်ကူး၍ ခွဲခွာသွားရပြန်သည်။

မစိန်သန်းသည် အချိန် ၁၂ နာရီကျော်သည့်တိုင်အောင် အိပ်၍ မပျော်သေး။ သူနှင့်သန်းထိုက်၏ နောက်ကြောင်းရာဇဝင်များကို သူ၏ မျက်စိထဲတွင် တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာနေသည်။

"ခေါ် ... ဟော ... ဟော ... ခလွတ် ... ခလွတ် ... ခေါ် ... ခေါ်"

"ဟော့ကောင် မောင်မောင် စောင်းအိပ်ကွာ"

အိမ်ရှေ့ခန်းမှ မောင်မောင်၏ဟောက်သံနှင့် ကိုစန်းတင်၏ စကားသံပါ ကြားရသဖြင့် အတွေးစေတ္တရပ်သွား၏။ မျက်လုံးများကား ကြောင်၍ပင် နေသည်။ တစ်နေ့သ၌ သူ့မိခင်ကြီးခေါ်၍ မေးမြန်းပုံမှာ ရယ်စရာလည်း ကောင်း၊ ချစ်ပနွက်သည်းလည်း ဖြစ်စေသည့်အကြောင်းများ တွေးမြင်လာပြန်၏။ မိခင်ကြီး ခေါ်ယူမေးမြန်းသောအချိန်၌ကား သန်းထိုက် အိုင်အက်စီ

mgyoe.com

 mgyobe.com



အောက်တန်းအောင်၍ အထက်တန်းသင်ရန် မသွားခင်ကလေး ဖြစ်သည်။

"အစိန်ရေ...ခဏလာဦး သမီး"

မိခင်ကြီးက အိမ်အပေါ်ထပ် ပြတင်းပေါက်နား၌ သင်ဖြူးတစ်ချပ်နှင့်ထိုင်ကာ ခေါ်လိုက်ခြင်းဖြစ်ရာ စိန်သန်းက သူ့မိခင်ရှေ့ ဒူးတုပ်ထိုင်လိုက်၏။

"သမီးဖေဖေက သမီးနဲ့မောင်သန်း ကလေးဘဝကတည်းက ချစ်ခင်လာကြတယ်။ သမီး ၁၄ နှစ်အရွယ်လောက်ရောက်တော့ အချစ်ပြောင်းလာကြတာလည်း သိတယ်။ ကိုကျော်ဖဲရဲ့သားနဲ့ဆိုတော့ မေမေနဲ့ သမီးဖေဖေက လွတ်လွတ်လပ်လပ် လွှတ်ပေးခဲ့ကြတာပဲ"

"ကလေးဘဝကတည်းက ချစ်ခင်လာကြတယ်ဆိုတာ ဟုတ်တယ်။ နို့ပေမဲ့ အချစ်ပြောင်းတယ်ဆိုတာတော့ မဟုတ်ဘူး"

"နားထောင်ပါဦးလေ၊ ဒီတော့ သမီးရဲ့ဖေဖေက သမီးရှင်ဖြစ်ပေမဲ့ ကိုကျော်ဖဲကို သွားပြောရတာပေါ့။ အခု သမီးက ၁၉ နှစ်၊ မောင်သန်းက ၂၂ နှစ်တောင် ရှိနေမင့်ဟာ။ ကိုကျော်ဖဲကလည်း ဒီလိုထင်တာပဲတဲ့"

"မေမေတို့ မိဘနှစ်ဦးစလုံး မှားနေကြပြီ ..."

"မမှားပါဘူး၊ မေးရင် ရှက်လို့ (ဘူး)ကွယ်ကြမယ်ဆိုတာ တွေးမိကြပြီးသား။ ကိုကျော်ဖဲကလည်း သူ့သားကို မေးကြည့်ပါမယ်၊ နှစ်ဦးနှစ်ဝ ချစ်ခင်နေကြလို့ရှိရင် မောင်သန်း ဘီအက်စ် အောင်ပြီးတဲ့အခါ မင်္ဂလာဆောင်ပေးပါ့မယ်တဲ့"

စိန်သန်းက ရိုးရိုးချစ်၊ ဆန်းဆန်း မဖြစ်သေးပါဘူးဟု ငြင်းဆန်သော်လည်းမရ။ "အစ်ကိုသန်းမေးကြည့်ရင် သိမှာပေါ့"နှင့်သာ ပြောခဲ့ရ၏။

ညနေခင်းတွင် သန်းထိုက်၊ စိန်သန်းနှင့် နှစ်ယောက်ချင်း ဆုံတွေ့၍ သူ၏ဖခင် ဦးကျော်ဖဲက ဒေါ်စိန်မြိုင်မေးသလို မေးပုံ၊ (ဘူး)ကွယ်သော်လည်း မယုံကြည်ကြပုံများကို ပြန်ပြောသောအခါ တစ်ဦးမျက်နှာ တစ်ဦး ကြည့်ပြီး ရယ်မိကြသေးသည်။ သို့ရာတွင် သန်းထိုက်က မျက်နှာပိုးသတ်လိုက်ပြီးလျှင် –

"အမှန်ကတော့ အစိန် ၁၅ နှစ်ရွယ်လောက်ကတည်းက လူကြီးတွေ

mgyoe.com

ထင်သလို ဖြစ်ဖို့အကောင်းသား၊ အစ်ကိုသန်းက မပြောရက်လို့ ဒီအထိ ကြာလာကြတာကိုး"

စိန်သန်းမှာ ဘာပြောရမှန်းမသိ၊ သန်းထိုက်၏မျက်နှာကိုသာ စူးစိုက်၍ ကြည့်ရှုနေမိသည်။ ထိုအခါ သန်းထိုက်ကပင်–

"တကယ်ဆိုတော့ သွေးသားမတော်စပ်ဘဲ မောင်နှမအရင်းလို ချစ်ခင်လာခဲ့ကြတာဟာ အရွယ်ရောက်လာရင် အချစ်ပြောင်းသင့်တာပဲ အစိန်ရဲ့"

ထိုအချိန်အထိ စိန်သန်းစကားလုံးရှာမတွေ့။ အမှန်ကတော့ စိန်သန်းကလည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ် အပျိုကြီးမားမား ဖြစ်နေသဖြင့် အချစ်ရှာလျှင် သူ့အစ်ကိုသန်းထက် ချစ်သင့်သူမရှိဟု ယူဆထားသည်။

"လူကြီးတွေ ယူဆတဲ့အတိုင်း မှန်ပါတယ်လို့ ဝန်ခံကြစို့လား"

"ဟင့်အင်း … ဒီလိုတော့ မညာချင်ဘူး၊ ကနေ့ညနေကျမှ စိတ်ပြောင်းသွားကြတာလို့ ပြောကြတာပေါ့"

ထိုဝန်ခံချက်ကလေးကပင် သန်းထိုက်၏ စကားထက် ကောင်းနေသဖြင့် သန်းထိုက် ပထမဦးဆုံးအကြိမ် လက်ကလေးဆွဲကာ ပါးပြင်နှစ်ဖက်ကို ရှေးဦးဆုံး ညင်သာစွာ မွှေးကြူခဲ့ခြင်းဖြစ်သည်။

■

mgyoe.com

mgyoe.com

# အခန်း (၆)

မစိန်သန်းသည် ကျန်းမာရေးကို အထူးဂရုစိုက်သူဖြစ်၏။ အစားအသောက်၊ အအိပ်အနေ၊ အချိန်မှန်၊ အစားမှန် ပြုမြဲဖြစ်သည်။ ယခုမူ ပရိဒေဝမီးကြောင့် တော်တော်နှင့် အိပ်၍မပျော်နိုင်ရှာချေ။ လောလောဆယ် အပူမီးမှာ မိခင်ကြီး ရုတ်တရက် ကွယ်လွန်သွားသည့်အတွက်ဖြစ်၍ ဒုတိယမီးမှာ ငယ်ချစ်က ရက်စက်သွားသောကြောင့် ဖြစ်သည်။ ပါးပြင်ကလေးမွေးရုံမှအပ ဘာမျှလွန်ကျူးစွာ မဖြစ်ခဲ့ဖူးသော်လည်း ကလေးဘဝကချစ်ခဲ့သော ဓာတ်သိငယ်ပေါင်းအချစ်မို့ ဘယ်လိုမှ မုန်း၍မရ၊ ချစ်ရမှာကလည်း သူ၏အပြုအမူ အသွင်အပြင်က တစ်မျိုးဖြစ်နေသဖြင့် အခက်ကြုံ၍နေတော့သည်။

တောင်တွေးမြောက်တွေးနှင့် နှစ်နာရီခန့်ကျမှ အိပ်ပျော်၍သွားရှာ၏။ သို့ရာတွင် အိပ်ရေးဝလောက်အောင် အိပ်၍မရ။ ငါးနာရီသာသာတွင် အိပ်ရာကနိုးသောအခါ ၁၁ နာရီခွဲခန့်က တုတ်တုတ်မျှမလှုပ် အိပ်ပျော်ခဲ့သော ဒေါ်စိန်လှိုင်မှာ မီးဖိုချောင်တွင် မီးမွေးကာ ရေနွေးအိုးတည်၍နေနှင့်၏ ။

"ဟင် ... အစိန် နိုးလာပလား၊ ကောင်းကောင်းအိပ်ရရဲ့လား"

"အိပ်မရပါဘူး ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ်ကော အိပ်ပျော်ရဲ့လား"

"ဒေါ်ဒေါ်လည်း ဘယ်ကောင်းကောင်း အိပ်လို့ရမလဲ"

မစိန်သန်း မီးဖိုချောင်သို့ မျက်နှာသစ်ရန်အလာ နှစ်ယောက်သား၊

mgyoe.com

mgyoe.com

စကားပြောဆိုနေကြခြင်း ဖြစ်သည်။ မစိန်သန်းသည် မျက်နှာများသုတ်ပြီးလျှင် အိမ်ရှေ့ခန်းသို့ လှမ်း၍ကြည့်လိုက်လျှင် တစ်ယောက်အိပ်ခုတင်တွင် ပြင်ဆင်ထားသော မိခင်ကြီး၏အလောင်းကို အပေါ်ခြာတတ်မီးရောင်ဖြင့် ကောင်းစွာ မြင်နေရ၏။ အချိတ်ထဘီနှင့် ပဝါသာ ဖုံးလွှမ်းမထားပါက ပကတိ အိပ်ပျော်နေသည်ဟု ထင်စရာပင်။

မနေ့ညနေက ထမင်းပွဲမှာပင် ထမင်းအတူတူစား၊ စကားတပြောပြောနှင့်နေခဲ့သေးသည့် မိခင်၊ အမှတ်မထင် မမျှော်လင့်ဘဲ ရုတ်တရက် ကြေကွဲဖွယ်ရာ ကွယ်လွန်ပြန်တော့ သင်္ခါရ သဘောတရားကို အမှတ်မထင်နိုင်၊ မျက်ရည်တွေ စီးဆင်းကာ အိမ်ရှေ့ခန်းသို့ ထွက်၍လာ၏။ အလောင်းခုတင်နှင့် တောင်ဘက်နံရံကြားတွင် အိပ်နေသူများရှိသဖြင့် ခုတင်၏မြောက်ဘက်မှ အသာ မတ်တတ်ရပ်ကြည့်ကာ မျက်နှာပေါ် ဖုံးထားသော ပဝါကို အသာဖယ်၍ ကြည့်၏။ ရုပ်ရည်ကျသွားသည်မှအပ နှာတံပေါ် မျက်ခုံးမွေးကောင်းကောင်း၊ နားရွက်ကား နဖူးကျယ်၊ အိပ်နေသလိုဖြစ်နေသည့် မိခင်ကြီး။

"မေ မေ ... မေမေ ... သမီး နှုတ်ဆက်လာပါတယ် မေမေရယ်၊ ထပြီး နှုတ်ဆက်ပါဦးလား မေမေရဲ့"

ကျိတ်၍ အသံအုပ်အုပ်နှင့် ငိုကြွေးနေရှာသည်။ တကယ်ဆိုတော့ ဖခင်ကြီး ကွယ်လွန်ပြီးလို့မှ မျက်ရည်မသိမ်းရခင် သည်မိခင်၊ သည်သမီးနှင့် အဆွေးကို ဖြေနိုင်သလောက် ဖြေဖျောက်နေကြရတုန်း မိခင်က စွန့်ပစ်သွားခြင်းကို ခံရသဖြင့် အဘယ်မှာ မပူဆွေးဘဲ ရှိပါအံ့နည်း။

"အိပ်ရာက ထလိုက်တဲ့သမီးကိုမြင်ရင် သမီး အိပ်ကောင်းရဲ့လား၊ နေကောင်းရဲ့လား ဟင်တဲ့။ အခု သမီးထလာပါပြီ မေမေရဲ့၊ နေ့တိုင်းလို မမေးတော့ဘူးလား"

မစိန်သန်းသည် ခုတင်ဘေးတွင် ဒူးထောက်ထိုင်ကာ လက်နှစ်ဖက်ဖြင့် သူ့မိခင်၏အလောင်းကို အသာအယာကိုင်လျက် ကျိတ်၍ ငိုကြွေးနေပြန်သည်။ ရောဂါဆိုးနှင့် ကွယ်လွန်သူမဟုတ်သဖြင့် အနံ့အသက် ဘာမျှမရှိ၊ ပကတိ အိပ်ပျော်နေသူကဲ့သို့ဖြစ်နေရာ အိပ်နေတာပဲ ဖြစ်ပါစေတော့ဟု

mgyoe.com

mgyoe.com

ဆုတောင်းမိရှာ၏။ သို့ရာတွင် ဝိညာဉ်ကင်း၍ အသက်ရှူခြင်း ရပ်စဲသည်က တမလွန်ဘဝ ရောက်နေပြီကိုလည်း ကောင်းစွာ သိရှိနေပြီဖြစ်ရာ–

"မေမေ ဈေးသွားလိုက်ဦးမယ်၊ သမီးကြိုက်တာလေးလည်း ဝယ်ခဲ့မယ်နော်လို့ ပြောပါဦးလား မေမေရဲ့"

နံနက်ခင်းတိုင်း သူ့မေမေ ပြောသမျှ ပြုမူသမျှ သတိရရှိကာ တမ်းတငိုကြွေးနေစဉ်–

"ဟစ် ... ဟစ် ... အီး ... ဟီး ... ဟီး"

အတော်ကလေး ကျယ်သောငိုသံ ဖြစ်၏။ ၎င်းမှာ မောင်မောင်၏ ငိုသံဖြစ်သည်။ မစိန်သန်း၏ငိုသံကြောင့် မနိုးတနိုးဖြစ်နေသော ကိုစန်းတင်သည် မောင်မောင်၏ ငိုသံကျယ်ကို ကြားရသောအခါ လန့်၍နိုးသွား၏။

"ဟေး ... မောင်မောင် ... မောင်မောင်"

မောင်မောင်ကား တုတ်တုတ်မျှမလှုပ်၊ အိပ်ပျော်မြဲ အသက်ရှူမှန်မှန်နှင့် အိပ်ပျော်နေ၏။ မစိန်သန်းလည်း သူ၏ငိုကြွေးသံကြောင့် ကိုစန်းတင်နိုးလာသည်ဟုထင်မှတ်ကာ မိခင်ကြီးအလောင်းမှ ခွာပြီးလျှင် အခေါ် ရှိရာသို့ ထသွား၏။ ကိုစန်းတင်လည်း မောင်မောင်၏ဘယ်လက်က လက်ပတ်နာရီကို လက်ပါမြှောက်၍ ကြည့်သောအခါ ငါးနာရီခွဲသာသာ တွေ့ရသဖြင့်–

"မောင်မောင် ... ဟေး ... မောင်မောင်"

လက်မောင်းအိုးကိုပါ အတင်းလှုပ်နှိုးတော့မှ မောင်မောင်နိုး၍လာကာ မျက်လုံးပြူးကြီးနှင့် ကိုစန်းတင်အား ကြည့်နေသည်။

"ခုနက မင်း ဘာလို့ ဟစ်ပြီးငိုရတာလဲ"

"ဟင် ... အသံထွက်သွားသလား၊ မသာချတော့ မစိန်သန်း ငိုရာက မေ့မြောသွားတာ မြင်ရတာနဲ့ ကျွန်တော်လည်း ငိုမိတာပဲဗျာ"

"မင်း အိပ်မက်မက်နေတာပေါ့"

"ဒါပဲ ဖြစ်ရမှာပေါ့ဗျာ"

"ကဲ ... ထကွာ၊ ၅ နာရီနဲ့ မိနစ် ၄၀ ရှိပြီ"

"ဟာဗျာ ... တစ်ရေးလောက် အိပ်ပါရစေဦး"

မောင်မောင်မှာ သူ့အိမ်တွင် ၁၀ နာရီလောက်က အိပ်သည့်တိုင်

mgyoe.com